# ဝိပဿနာ
# ဉာဏ်ပညာ

ဦးကျော်ဇေယျ

၆၄
၀

ဖြန့်ချိရေး
“မယ်နှင့်မောင်” စာပေတိုက်
အမှတ် ၁၂၄၊ အခန်း(၁၀)၊ ပထမထပ်
ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့
ဖုန်း–၂၄၃၆၁၄

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသားအားလုံး၏**
**ပဓာနကျသော တာဝန်ဖြစ်သည်။**

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဦးကျော်ဇေယျ

## ဝိပဿနာ ဉာဏ်ပညာ

[ဤကားဒုက္ခ. . .၊ ဤကား လက်သည်. . .
ဤကားချမ်းသာ. . .၊ ဤကားလမ်းပေါက်ဟု
ပြသော ပညာ]

၂၅၉၃၈


စာအုပ်စာတမ်းစာနယ်ဇင်း

ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်

၃၆၉/၂၀၀၂(၇)

မျက်နှာဖုံးကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်

၃၈၇/၂၀၀၂(၇)

မျက်နှာဖုံးဒီဇိုင်း – ရွှေလက်လှ

ပုံနှိပ်ခြင်း – ပထမအကြိမ်

အုပ်ရေ – ၅၀၀

ပုံနှိပ်ပြီးသည့်လ – ၂၀၀၂ ခုနှစ်၊ ဩဂုတ်လ

တန်ဖိုး – ၅၀၀ ကျပ်

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် – အောင်စေတနာပုံနှိပ်တိုက်

မထိုက်ထိုက်အောင်(၀၅၇၀၄)

အမှတ်(၉၀) ဝေပုလ္လ(၂)လမ်း၊

(ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပ၊

ရန်ကုန်မြို့။

ထုတ်ဝေသူ – ဦးကျော်ဇေယျ

စကားပြောနေသူများစာပေ (၀၃၂၈၄)

အမှတ် ၁၂၄၊ အခန်း ၁၀၊

ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။

## မာတိကာ


| | | |
|---|---|---|
| အခန်း ၁ | ငြိမ်းအေးသော ချမ်းသာသုခ (သန္တိသုခ) ရှာပုံတော် | ၃ |
| အခန်း ၂ | သတိပဋ္ဌာန် လေးပွင့်တစ်ခိုင် | ၇ |
| အခန်း ၃ | တရားအားထုတ်မည့်သူ၏ လိုအပ်မှုများ | ၁၃ |
| အခန်း ၄ | ဝိသုဒ္ဓိ ၄ မျိုး ဖြည့်ဆည်းခြင်း | ၁၇ |
| အခန်း ၅ | သမာဓိဉာဏ် | ၃၃ |
| အခန်း ၆ | ဗောဓိပက္ခိယတရား ၃၇ ပါးနှင့် အညီ ကျင့်ခြင်း | ၄၃ |
| အခန်း ၇ | ဝိပဿနာဉာဏ် | ၅၃ |
| အခန်း ၈ | ဝိပဿနာဉာဏ်စဉ်များနှင့် သစ္စာလေးပါး | ၈၃ |
| အခန်း ၉ | မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ဝိမုတ္တိဉာဏ် | ၉၃ |
| အခန်း ၁၀ | နိဗ္ဗာန် | ၁၀၅ |
| | -။ ကျမ်းကိုးစာရင်း | ၁၀၉ |

# အခန်း ၁

## ငြိမ်းအေးသော ချမ်းသာသုခ (သန္တိသုခ) ရှာပုံတော်

မိမိတို့သည် ငြိမ်းအေးသော ချမ်းသာသုခကို လိုလားကြပေသည်။ ထိုကဲ့သို့ လိုလားခဲ့ကြသည့်အလျောက် ခေတ်အဆက်ဆက် ငြိမ်းအေးသော ချမ်းသာသုခကို အနက်အဓိပ္ပာယ်အမျိုးမျိုးဖွင့်ကာ ရှာဖွေခဲ့ကြသည်။

ဝေဒခေတ်နှင့် ဗြဟ္မဏခေတ်တွင် ၎င်းကို

- အသက်ရှည်ခြင်း
- လွတ်လပ်စွာ ပျော်ရွှင်ချမ်းမြေ့ခြင်း
- စည်းစိမ်ဥစ္စာပြည့်စုံခြင်း

ဟု အဓိပ္ပာယ် ဖွင့်ဆိုခဲ့ကြသည်။ ထို့နောက် ယစ်မေလှေ့ပူဇော်ခြင်း အကျင့်ကို ကျင့်ကြံကာ ရှာဖွေခဲ့ကြသည်။ သို့သော် ငြိမ်းအေးသော ချမ်းသာသုခကို တွေ့ရှိခြင်း မရှိခဲ့ကြပေ။

အာရဉ္ဉကခေတ်နှင့် ဥပနိသျှဒ် ခေတ်တွင် ငြိမ်းအေးသော ချမ်းသာသုခကို

- လွတ်မြောက်ခြင်း (မောက္ခ)
- မသေခြင်း (အမတ)
- အားကိုးရာဖြစ်ခြင်း (သရဏ) ဟူ၍

အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။

လောကကို အဝိဇ္ဇာအဖြစ် မှတ်ယူသည်။ အဝိဇ္ဇာကို ပယ်ဖျောက်နိုင်ရန် တရားအားထုတ်သည့် အကျင့်ကို ကျင့်ရမည် ဟူ၍ ခံယူသည်။ သို့သော် အကျင့်သည် ဗြဟ္မာ သို့မဟုတ် အတ္တတွင် အခြေခံထားသည်ဖြစ်ခြင်းကြောင့် တဏှာကိုမပယ်သတ်နိုင်ဘဲရှိသည်။ တဏှာကို မပယ်သတ်နိုင်သည် ဖြစ်ခြင်းကြောင့် ငြိမ်းအေးသော ချမ်းသာသုခကို မရနိုင် ဖြစ်ခဲ့ကြသည်။

တိတ္တိယခေတ်အရောက်တွင် ဗြဟ္မာနှင့် အတ္တကို သီးခြားစီပိုင်းခြား၍ ပြင်းထန်သော 'တပ' အကျင့်ကိုကျင့်ကြသည်။ 'တပ'အကျင့်သည် အတ္တကို အခြေခံသည်။ ထို့ကြောင့် မည်မျှပင် ပြင်းပြင်း ထန်ထန် ကျင့်သော်လည်း ငြိမ်းအေးသော ချမ်းသာသုခ မရဘဲရှိသည်။

မဇ္ဈိမပဋိပဒါကျင့်စဉ်သည် အစွန်းနှစ်ပါး ရှောင်သော ကျင့်စဉ်ဖြစ်သည်။ အစွန်းတစ်ဖက်မှာ ကာမသုခလ္လိကကျင့်စဉ်ဖြစ်သည်။ ကာမသုခလ္လိက ကျင့်စဉ်သည် မရမနေ တမ်းတမ်းစွဲကျင့်သည့် ကျင့်စဉ်ဖြစ်သည်။ အတ္တကိလမထကျင့်စဉ်သည် မိမိ၏ခန္ဓာကိုယ်ကိုညှင်းပန်းသည့်ကျင့်စဉ်ဖြစ်သည်။

မဇ္ဈိမပဋိပဒါသည် သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး လမ်းစဉ်ဖြစ်သည်။ မဇ္ဈိမပဋိပဒါ၏သဘောကို ကျင့်စဉ်အရ နားလည်ရန်မှာ မဂ္ဂင်ရှစ်ပါးကို နားလည်ရမည်။ မဂ္ဂင်ရှစ်ပါးကို နားလည်ရန်မှာ ဝိပဿနာသဘောကို နားလည်ရမည်။

ဗုဒ္ဓဘုရားလောင်းသည် 'တပ'ကျင့်စဉ်ကို ခြောက်နှစ်တာ ကာလပတ်လုံး သူမတူအောင်

ပြင်းပြင်းထန်ထန် ကျင့်ခဲ့သည်။ သို့သော် ငြိမ်းချမ်းသော ချမ်းသာသုခကို မတွေ့ဘဲရှိသည်။ ဘုရားလောင်းသည် 'တပ' ကျင့်စဉ်ကို စွန့်ကာ မဇ္ဈိမပဋိပဒါကျင့်စဉ်ကို ပြောင်းလဲကျင့်သုံးခဲ့သည်။ ဝိပဿနာသဘောကို ဖော်ထုတ်ခဲ့သည်။ လောကကို ဝိပဿနာအမြင်ဖြင့် ရှုမြင်ခဲ့သည်။ ထိုအခါတွင်မှ သန္တိသုခကို ခံစားရရှိသည်။

သို့ဖြစ်ရာ ဝိပဿနာကျင့်စဉ်သည် မြတ်စွာဘုရား တွေ့ရှိတော်မူခဲ့သည့် ကျင့်စဉ်ဖြစ်ပြီး သန္တိသုခကို နိရောဓသစ္စာအဖြစ်လည်းကောင်း၊ နိရောဓသစ္စာသို့ရောက်ရာ ကျင့်စဉ်ကို မဂ္ဂသစ္စာအဖြစ်လည်းကောင်း၊ လောကကို ဒုက္ခသစ္စာအဖြစ်လည်းကောင်း၊ လောက၏ အကြောင်းရင်းကို သမုဒယသစ္စာအဖြစ်လည်းကောင်း ထုတ်ဖော်ပြသနိုင်ခဲ့သည့် ကျင့်စဉ်တရားပင် ဖြစ်သည်။

နိဗ္ဗာန်ကား ငြိမ်းအေးသော ချမ်းသာသုခ၏ အထွတ်ပေတည်း။

# အခန်း ၂
## သတိပဋ္ဌာန် လေးပွင့်တစ်ခိုင်

ဝိပဿနာအားထုတ်ရာတွင် တစ်ပါးသောတရားကို ပွားများလျှင် လေးပါးသောတရားနှင့်ပြည့်စုံသည်။ လေးပါးသောတရား ပွားများလျှင် ခုနစ်ပါးသော တရားနှင့် ပြည့်စုံသည်။ ခုနစ်ပါးသောတရားကို ပွားများလျှင် နှစ်ပါးသောတရားနှင့်ပြည့်စုံသည်ဟု ဆိုသည်။

- တစ်ပါးသော တရားဟူသည် အာနာပါနတည်း။
- လေးပါးသော တရားဟူသည် သတိပဋ္ဌာန်တရားလေးပါးတည်း။
- ခုနစ်ပါးသော တရားဟူသည် ဗောဇ္ဈင်ခုနစ်ပါးတည်း။

– နှစ်ပါးသော တရားဟူသည် ဝိဇ္ဇာနှင့် ဝိမုတ္တိ
တည်း။

သို့ဖြစ်ရာ အာနာပါနကမ္မဋ္ဌာန်းတရားကို အားထုတ်သည်ရှိသော် အကျိုးဆက်အဖြစ်ဖြင့် သတိပဋ္ဌာန်တရားလေးပါးနှင့် ပြည့်စုံလာပြီး ယင်း သတိပဋ္ဌာန်တရားကို အဆက်မပြတ် ကျင့်ကြံပွားများသော် ဗောဇ္ဈင်ခုနစ်ပါးနှင့် ပြည့်စုံကာ ဝိဇ္ဇာဉာဏ် အလင်းပေါက်၍ ဝိမုတ္တိခေါ်လွတ်မြောက်ရာ နိဗ္ဗာန်စခန်းသို့ပေါက်ရောက်နိုင်မည် ဖြစ်သည်။

သတိပဋ္ဌာန်တရားလေးပါးဟူသည်

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်။

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်။

၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်။

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်တို့ဖြစ်သည်။

ကာယာနုပဿနာ သတိပဋ္ဌာန်သည် ထွက်သက်ဝင်သက် အစရှိသော ရူပကာယ၌ ခိုင်မြဲစွာ တည်သော သတိဖြစ်သည်။ ရုပ်ကို ရှုပွားခြင်း ဖြစ်သည်။

စိတ္တာနုပဿနာ သတိပဋ္ဌာန်သည် သရာဂစိတ်၊ ဝိတရာဂစိတ် အစရှိသော စိတ်အပြား၌ ခိုင်မြဲစွာ တည်သော သတိဖြစ်သည်။

ဝေဒနာနုပဿနာ သတိပဋ္ဌာန်သည် ဝေဒနာတရားတို့၌ ခိုင်မြဲစွာ တည်သော သတိဖြစ်သည်။

ဓမ္မာနုပဿနာသတိပဋ္ဌာန်သည် နီဝရဏစသော ဓမ္မတို့၌ ခိုင်မြဲစွာတည်သော သတိ ဖြစ်သည်။

သတိပဋ္ဌာန်တရားလေးပါး ရှိသည်ဖြစ်သော်လည်း တရားအားထုတ်သူသည် ယင်းသတိပဋ္ဌာန်တရားလေးပါးစလုံးကို အားထုတ်ရသည် မဟုတ်ပေ။ မိမိစရိုက်နှင့် ညီသော သတိပဋ္ဌာန်တရားတစ်ပါးကို ရှုပွားသည် ဖြစ်အံ့ အခြားသော အနုပဿနာများနှင့် ကင်းလွတ်သည်ဟူ၍ မရှိပေ။

ကမ္မဋ္ဌာန်း (၄၀) ရှိသည့်အနက် အာနာပါနကမ္မဋ္ဌာန်းကို ပွားများရာ၌ နှာသီးဖျား နှာသီးဝ၌ ဝင်လေ ထွက်လေ ထိခိုက်မှုကို သိနေလျှင် ကာယနုပဿနာ သတိပဋ္ဌာန်နှင့် ပြည့်စုံမည်ဖြစ်သည်။ ထိုအခါ သတိပညာနှင့် ပြည့်စုံနေခိုက် ဖြစ်၍

အဘိဇ္ဈာဗျာပါဒ ခေါ်သော လောဘဒေါသ ကိလေသာတို့ကို ပယ်သတ်ရန် အခါကောင်းဖြစ်သည်။

နှာသီးဖျား နှာသီးဝ၌ ထွက်သက်ဝင်သက်ကို သိသိနေခိုက်၌ ယားယံမှု၊ နာကျင်မှု၊ ညောင်းညာမှု၊ တောင့်တင်းမှု စသော ဝေဒနာအမျိုးမျိုး ဖြစ်ပေါ်နေသည်ကို မခံနိုင်လောက်အောင် သိသိနေမည်ဖြစ်သည်။ ထိုအခါ ဝေဒနာနုပဿနာသတိပဋ္ဌာန်နှင့် ပြည့်စုံလျက်ရှိနေမည်ဖြစ်သည်။ ဝေဒနာဖြစ်စဉ်ဖြစ်တိုင်း လိုက်မှတ်၍ သိသိနေပါက သတိပညာနှင့် ပြည့်စုံနေခိုက်ဖြစ်၍ အဘိဇ္ဈာဗျာပါဒ ခေါ်သော လောဘ၊ ဒေါသ၊ ကိလေသာကို ပယ်ဖျောက်နိုင်သော အခါကောင်းဖြစ်သည်။

တဖန်ထွက်သက်ဝင်သက်ကို သိသိနေခိုက်တွင် ကောင်းသောစိတ်များ၊ မကောင်းသောစိတ်များ အမျိုးမျိုး ပေါ်ပေါက်နေမည် ဖြစ်သည်။ ထိုကဲ့သို့ အမျိုးမျိုးပေါ်တိုင်းပေါ်တိုင်း လိုက်မှတ်၍ သိသိနေခြင်းကိုစိတ္တာနုပဿနာနှင့် ပြည့်စုံသည်ဟုဆိုသည်။ ထိုအခါ သတိ ပညာနှင့် ပြည့်စုံခိုက်ဖြစ်၍အဘိဇ္ဈာ ဗျာပါဒခေါ်သော လောဘ၊ ဒေါသ၊

ကိလေသာကို ပယ်ဖျောက်နိုင်သော အခါကောင်း ဖြစ်သည်။

နှာသီးဖျား နှာသီးဝ၌ ထွက်သက်ဝင်သက်ကို အနိစ္စအချက်နှင့် သိသိနေခြင်း၊ သတိပညာနှင့် ပြည့်စုံမှုကြောင့် အဘိဇ္ဈာဗျာပါဒခေါ်သောလောဘ၊ ဒေါသ၊ ကိလေသာတို့ကို ပယ်နိုင် ဖျောက်နိုင်သော အခါကောင်းဖြစ်သည်။ ထိုအခိုက် ဓမ္မာနုပဿနာ သတိပဋ္ဌာန်နှင့် ပြည့်စုံနေမည် ဖြစ်သည်။

ထို့ကြောင့် တစ်ပါးသောတရားကို ပွားလျှင် လေးပါးသောတရားနှင့် ပြည့်စုံသည်ဟု ဆိုခြင်းဖြစ်သည်။

ဝိပဿနာသည် ပညာအရာ ဖြစ်ပါလျက် အဘယ်ကြောင့် သတိက စရပါသနည်း ဟူ၍ မေးစရာရှိသည်။

ဝိပဿနာဟူသည် အတက္ကဝစရော ဆိုသည့်အတိုင်း ကြံစည်ပြီးသိသည့် တက္ကပညာ မဟုတ်ပေ။ ဗုဒ္ဓသာသနာသည် ပရိယတ္တိ၊ ပဋိပတ္တိနှင့် ပဋိဝေဓ ဟူ၍ ရှိပေရာ အကျင့် ပဋိပတ်၏ အခြေခံအကြောင်းရင်းသည် ပရိယတ်ဖြစ်သည်။ အကျင့်ပဋိပတ်၏ အကျိုးတရားကား မဂ်နိဗ္ဗာန်

ဖြစ်သည်။ အကျင့်တရားပေါ် အခြေပြု၍ ထိုးထွင်းသိခြင်းသည် ပဋိဝေဓပညာဖြစ်သည်။ ကိုယ်တိုင်ကျင့်ကြံအားထုတ်ပါမှ ကိုယ်တိုင် ထိုးထွင်း၍ သိနိုင်သည့် မဂ်ဉာဏ် ဖိုဉာဏ်ဖြစ်သည်။ မဂ်ဉာဏ် ဖိုဉာဏ်၏ ငြိမ်းအေးသော ချမ်းသာသုခကို နံဘေးမှ မိမိအားပြောပြကာမျှဖြင့် အမှန်တကယ် မရနိုင်။ စာပေကို ဖတ်ရှုကာမျှဖြင့်လည်း မရနိုင်။ တရားကို စာအုပ်ကွယ်နေမည်သာတည်း။ အကျင့်မပါသော သိခြင်းသည် ပရိယတ္တိအဆင့်သာတည်း။ ကိုယ်တိုင် ကျင့်ကြံအားထုတ်ပါမှ ပဋိဝေဓပညာမှ တစ်ဆင့် ကိုယ်တွင်းမှာ အလင်းပေါက်၍ ရရှိခံစားနိုင်သည့် ငြိမ်းအေးသောချမ်းသာသုခမျိုးဖြစ်သည်။

မမေ့မလျော့ခြင်း၊ မမေ့လျော့ကြောင်းတရား၊ သတိတရားကို ‘အပ္ပမာဒ’ ဟူ၍ ခေါ်သည်။ စိတ်အစဉ်တွင် ကပ်၍ တည်နေသော ဉာဏ်နှင့်ယှဉ်သော သတိကို ဆိုသည်။ ငြိမ်းအေးသော ချမ်းသာသုခသည် မသေခြင်း၏အကျိုးဖြစ်သည်။ အပ္ပမာဒတရားမှာမူကား မသေခြင်း၏အကြောင်း ဖြစ်သည်။ ထို့ကြောင့် သတိပဋ္ဌာန်တရားက စရခြင်းဖြစ်သည်။

# အခန်း ၃

## တရားအားထုတ်မည့်သူ၏ လိုအပ်မှုများ

### အားထုတ်ရန်တရားများ

အားထုတ်ရန်တရားများကား သမထတရားနှင့် ဝိပဿနာတရားများပင် ဖြစ်ပါသည်။ ယင်း သမထ ဝိပဿနာတရား ၂ ပါးကိုပင် မိမိသန္တာန်၌ ဖြစ်ပေါ်အောင် တစ်ကြိမ် အားထုတ်ပြီးနောက် အထပ်ထပ် တိုးပွားအောင် အားထုတ်ထိုက်သော ကြောင့် ဘာဝနာဟု ခေါ်သည်။ ဘာဝနာအားထုတ်မှု တည်ရာ အာရုံဖြစ်သောကြောင့် ကမ္မဋ္ဌာန်းဟူ၍ လည်း ခေါ်သည်။

### တရားအားထုတ်မည့်သူ၌ ရှိရမည့် အင်္ဂါ ၅ ပါး

၁။ သဒ္ဓါယုံကြည်မှုရှိရမည်။

၂။ တရားအားထုတ်နိုင်စွမ်းသည့် ကျန်းမာရေး ပြည့်စုံရမည်။

၃။ ဖြောင့်မတ် မှန်ကန်သောစိတ်ထား ရှိရမည်။

၄။ အကုသိုလ် ဒုစရိုက်များကို ပယ်ရှားပြီး ကုသိုလ် သုစရိုက် တရားကို တိုးပွားအောင် အားထုတ်သော ဝီရိယရှိရမည်။

၅။ ရုပ်နာမ်နှစ်ပါးကို ပိုင်းခြား သိမြင်နိုင်စွမ်း သော ပညာနှင့် ပြည့်စုံရမည်။

## တရားအားထုတ်မည့်သူ၌ ရှိရမည့် အပရိဟာနိယတရား ၇ ပါး

၁။ ဘုရား၌ ရိုသေသမှုရှိရမည်။

၂။ တရားတော်၌ ရိုသေသမှုရှိရမည်။

၃။ သံဃာတော်၊ ဆရာသမားနှင့် ထေရ်ကြီးများ ၌ ရိုသေသမှုရှိရမည်။

၄။ ကိုယ်ကျင့်သီလ၌ ရိုသေသမှုရှိရမည်။

၅။ တည်ကြည်ခြင်း၌ ရိုသေသမှုရှိရမည်။

၆။ မိမိအားထုတ်သော ကမ္မဋ္ဌာန်းတရားအတွက်

လမ်းညွှန်မှု ပေးနိုင်သော ကလျာဏ မိတ်ကောင်း ရှိရမည်။

၇။ ယင်းကလျာဏ မိတ်ကောင်း၏ နည်းပေးလမ်းပြ ဆိုဆုံးမမှုကို မပယ်ရှားဘဲ လိုက်နာမှတ်သားနိုင်သူ ဖြစ်ရမည်။

## ကမ္မဋ္ဌာနပစာရတရား ၁၅ ပါး

ကမ္မဋ္ဌာန်းအခြေခံတရား (ကမ္မဋ္ဌာန်းအလုပ်နှင့် အနီးကပ်ဆုံးတရား) ၁၅ ပါးကိုလည်း သိအောင် လေ့လာပြီး အသားကျနေသည်အထိ အားထုတ်ပြီး ဖြစ်ရပါမည်။ ယင်းတို့ကား ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည်။

၁။ ကမ္မဋ္ဌာန်းအလုပ် အားထုတ်နိုင်စွမ်းရှိခြင်း၊

၂။ ကိုယ်နှုတ်ဖြောင့်မတ် ရိုးသားခြင်း၊

၃။ တည်ကြည်သောစိတ်ရှိခြင်း၊

၄။ ပညာရှိစကားကို နာယူလွယ်ခြင်း၊

၅။ နူးညံ့သိမ်မွေ့စွာနေထိုင်လေ့ရှိခြင်း၊

၆။ အလွန်မာန မကြီးခြင်း၊

၇။ ရောင့်ရဲလွယ်ခြင်း၊

၈။ အဆာမကျယ် မွေးမြူလွယ်ခြင်း၊

၉။ ဗာဟိရကိစ္စမများဘဲ နည်းပါးသောကိစ္စရှိခြင်း၊

၁၀။ အနေအစား ပေါ့ပါးသော အသက်မွေးမှုရှိခြင်း၊

၁၁။ ငြိမ်သက်သောဣန္ဒြေရှိခြင်း၊

၁၂။ အရာရာကို သေချာထောက်ချင့် ရင့်သောပညာရှိခြင်း၊

၁၃။ ကြမ်းတမ်းသော ကိုယ် နှုတ် စိတ် မရှိခြင်း၊

၁၄။ အမျိုးတို့၌ သံယောဇဉ်ကင်းခြင်း၊

၁၅။ ဒုစရိုက်မှုများကို ရှောင်ရှားခြင်း။

# အခန်း ၄

## ဝိသုဒ္ဓိလေးမျိုး ဖြည့်ဆည်းခြင်း

လောကီစည်းစိမ် အဖြာဖြာဖြစ်သည့် ပစ္စည်း၊ ရတနာနှင့် လယ်ယာ ဆင်မြင်း၊ သင်းပင်းခြွေရံ၊ ဗိမာန်တစ်သီး၊ သားသမီးရတနာ စသည်တို့ဖြင့် ပြည့်စုံ ကြွယ်ဝလိုကြောင်း ဆုတောင်းပတ္တနာပြု ကြသည့် ဒါနကုသိုလ်သည် ကာမာဝစရကုသိုလ် ကံကုသိုလ် ဖြစ်သည်။

လက်ရှိဘဝတွင် ချမ်းသာအောင်၊ အလိုရှိသည်များ ဖြစ်မြောက်ရရှိအောင်၊ စေတစ်လုံးပိုင်ရှင် ဖြစ်အောင် ဟောပြော ကုသပြီး လောကီဆရာ တစ်ဆူဖြစ်အောင် သမထ ဘာဝနာတစ်နည်းနည်း

ကို စွဲစွဲမြဲမြဲ ပွားများကြသည်။ ယင်းသည် ရူပါဝစရကုသိုလ်နှင့် အရူပါဝစရကုသိုလ်၊ ဈာန်ကုသိုလ်ဖြစ်သည်။

သန္တိသုခ (နိဗ္ဗာန်) ကို လိုလားသူ ဖြစ်အံ့။ ဝိပဿနာဘာဝနာကုသိုလ်၊ လောကုတ္တရာကုသိုလ်ဖြစ်သည့် မဂ်ကုသိုလ်၊ ဉာဏ်ကုသိုလ် လမ်းသို့ လိုက်ရပေမည်။

ဝိပဿနာကို အားထုတ်ရာတွင် သီလ၊ သမာဓိ၊ ပညာဟူ၍ အဆင့်ဆင့် အားထုတ်ရသည်။ အဦးအဆွ ဝိပဿနာအခြေခံအနေဖြင့် ဝိသုဒ္ဓိလေးမျိုး စင်ကြယ်စေရသည်။

ဝိသုဒ္ဓိလေးမျိုး ဟူသည်

- သီလဝိသုဒ္ဓိ (သီလစင်ကြယ်ခြင်း)
- ဒိဋ္ဌိဝိသုဒ္ဓိ (ရုပ်နာမ်ကိုသိခြင်း)
- ကင်္ခါဝိတရဏဝိသုဒ္ဓိ (ရုပ်နာမ်အကြောင်းအကျိုးဆက်ကို သိခြင်း)
- စိတ္တဝိသုဒ္ဓိ (သမာဓိရခြင်း)

တို့ ဖြစ်သည်။

## သီလဝိသုဒ္ဓိ (သီလစင်ကြယ်ခြင်း)

တရားအားထုတ်မည့်သူသည် ရှေးဦးအစ ကုသိုလ်တရားတို့၌ စင်ကြယ်အောင် သုတ်သင်ရမည်။ ကုသိုလ်တရားတို့၏ အဦးအစ ဟူသည် သီလစင်ကြယ်ခြင်း၊ အယူဖြောင့်မှန်ခြင်း ဖြစ်သည်။ သီလဟူသည် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ တည်းဟူသော ဝိရတီစေတသိက်တို့ပင် ဖြစ်သည်။

ဖြောင့်မှန်သောအယူ ရှိရန်လည်းလိုသည်။

ကုသိုလ်ကံ အကုသိုလ်ကံ ဟူသည် အမှန်တကယ် အားဖြင့် မရှိ။ လူတို့၏ သတ်မှတ်ချက်အရသာ ခေါ်ဝေါ် ပြောဆိုနေကြခြင်းဖြစ်သည်။ ပြုလုပ်သော်လည်း ပြုရာမရောက်ဟု ယူဆသော အကိရိယာဝါဒ (ကံမဲ့ဝါဒ)ကို လက်ခံသူများရှိသည်။ သတ္တဝါတို့ ဆင်းရဲချမ်းသာခြင်းသည် အကြောင်းမရှိ။ သူ့အလိုအလျောက်ဆင်းရဲခြင်း၊ ချမ်းသာခြင်း ဖြစ်သည်။ သူ့အချိန်တန်လျှင်ဖြစ်သည်ဟု ယူဆသော အဟေတုဝါဒ(အကြောင်းမဲ့ဝါဒ) ကို လက်ခံသူများ ရှိသည်။ လောက၌

ကောင်းမှုကံ မကောင်းမှုကံဆိုသည်ရှိသော်လည်း ကောင်းမှုပြုလည်း အကျိုးမရှိ။ နောင်ဘဝဟူသည် မရှိ။ ဒါနအကျိုး ခံစားရသည်ဆိုသည်မှာမဟုတ်။ သေဆုံးသောအခါ ဘာမျှမကျန်ဟု ယူဆသော နတ္ထိကဝါဒ (အကျိုးမရှိဟု ယူဆသောဝါဒ)ကို လက်ခံသူများ ရှိသည်။ ကောင်းမှု မကောင်းမှုကံ ဆိုသည် မရှိ။ သတ္တဝါများ ဆင်းရဲဒုက္ခကို ခံစား ရခြင်း၊ ချမ်းသာသုခကို ခံစားရခြင်း စသည်တို့ သည် ဘုရားသခင် သို့မဟုတ် ဗြဟ္မာကြီးက ဖန်ဆင်းပေးသည့်အတိုင်း ဖြစ်ရသည်။ သတ္တဝါ များကိုပင် ဘုရားသခင်က ဖန်ဆင်းပေးခြင်းဖြစ် သည်။ အစိုးရသူ ဘုရားသခင် ဖန်ဆင်းပေးသည့် ဣဿရနိမ္မာနဝါဒကို လက်ခံသူများရှိသည်။ ကောင်းမှု မကောင်းမှုကံဟူသည် ရှိသည်။ ယင်း ကံများသည် ကောင်းကျိုး ဆိုးပြစ်များကို ဖြစ်ပေါ် စေသည်။ သို့သော် ထိုကောင်းမှုကံ မကောင်းမှုကံ ဆိုသည်မှာ ယခုဘဝပြုလုပ်သောကံများ မဟုတ်။ အတိတ်ဘဝက ပြုလုပ်ခဲ့သောကံများ ဖြစ်သည်။ လက်ရှိခံစားနေရခြင်းသည် ရှေးအတိတ်ကံကြောင့်

ချည်းသာ ဖြစ်သည်။ ရှေးကပြုခဲ့သောကံသည်သာ အကြောင်းရှိသည်ဟု ယူဆသည့် ပုဗ္ဗေကတဟေတုဝါဒ( အတိတ်ကံဝါဒ)ကို လက်ခံသူများရှိသည်။ ဗုဒ္ဓဘာသာက ယင်းတို့ကို ဖြောင့်မှန်သောအယူအဖြစ် မသတ်မှတ်ပေ။

ဗုဒ္ဓဘာသာအရ ဖြောင့်မှန်သော အယူဟူသည် ကံ ကံ၏ အကျိုးကို ယုံကြည်သည်။ ပြုလုပ်မှုမှန်သမျှ ကံဟု ဆိုသော်လည်း ကိုယ်ဖြင့်ပြုသည်ဖြစ်စေ၊ နှုတ်ဖြင့်ပြောသည်ဖြစ်စေ၊ စိတ်ဖြင့်ကြံစည်သည်ဖြစ်စေ စေတနာသည် အရင်းခံဖြစ်သည်။ စေတနာသာ ကံဖြစ်သည်။

သတ္တဝါတို့သည် အတိတ်၊ ပစ္စုပ္ပန်နှစ်တန်သော ကံသာ ကိုယ်ပိုင်ဥစ္စာရှိကြသည်။ နှစ်တန်သော ကံ၏ အမွေကို ခံယူကြသည်။ နှစ်တန်သောကံသည်သာ အကြောင်းရင်းဖြစ်သည်။

ကံတရား၏ ဖြစ်ပေါ်မှုအရ သတ္တဝါအစားစားဖြစ်ပေါ်သည်။ ကောင်းသည့်ကံကိုပြုလျှင် ကောင်းကျိုးခံစားရမည်။ မကောင်းသည့်ကံကို ပြုလျှင် မကောင်းကျိုး ခံစားရမည် စသည့် ကံ

၂၉၆၇၈

ကံ၏ အကျိုးကို သိမြင် ယုံကြည်သော ကမ္မဿကတာဉာဏ်ကို အခြေခံသည့်ဉာဏ်ဝါဒဖြစ်သည်။

## ဒိဋ္ဌိဝိသုဒ္ဓိ (ရုပ်နာမ်ကိုသိခြင်း)

ဝိပဿနာ ရှုပွားခြင်းသည် ခန္ဓာတွင် သစ္စာကို ရှာခြင်းဖြစ်သည်။ ထိုသို့ရှာရာတွင် ပုဂ္ဂိုလ်အနေဖြင့် ရှာ၍ မရပေ။ ဓမ္မအနေဖြင့်သာ ရှာရပေသည်။

မိမိတို့သည် ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော သိပ်သည်းစေသည့်၊ ထူထပ်စေသည့်အတွေးအခေါ်များ၊ အယူဝါဒများ၊ အကျင့်အကြံများဖြင့် နေထိုင်ခဲ့ကြသည်။ ပုဂ္ဂိုလ်သဘော၊ သတ္တဝါ သဘော သိပ်သည်း ထူထပ်နေသောကြောင့် သံသရာကို ချဲ့စေတတ်သော တရားများ ဖြစ်သည့် ဒိဋ္ဌိ၊ တဏှာ၊ မာနတို့နှင့် သံသရာကို ရေစုန်မျောလိုက်နေခဲ့ကြသည်။ ဝိပဿနာသည် ရေဆန်လမ်းဖြစ်သည်။ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော ပါးလွှာအောင် လုပ်ရသည်။

အရှိတရားသည် ပရမတ်ဖြစ်သည်။ အဖြစ်တရားသည် ပညတ်ဖြစ်သည်။

မိမိတို့သည် ဖြစ်ပေါ်နေသော ပညတ်များနှင့် နိစ္စရူဝ အနေများခဲ့သည်။ ထို့ကြောင့် အရှိပရမတ်ကို မတွေ့မမြင် မသိဘဲ ရှိသည်။ ရေစုန်မျောလိုက်နေက ပရမတ်ကိုတွေ့ရန် ခဲယဉ်းသည်ပင် ဖြစ်သည်။

မိမိတို့သည် မိမိကိုယ်မိမိ ပြန်ကြည့်ရာတွင် မှန်ထဲတွင် မြင်နေကြဖြစ်သော ခန္ဓာကိုယ်နှင့်တကွ မိမိအမည်နာမ၊ ဘွဲ့ထူး၊ ဂုဏ်ထူး၊ မျိုးရိုးမှစ၍ မိမိ ပတ်ဝန်းကျင်က မိမိအပေါ် ထားရှိသော သဘောထားနှင့် မိမိ၏ တုံ့ပြန်ချက်များကိုသာ မြင်နေကြသည်။

သမူဟဃန ပညတ်၊ သန္တတိဃန ပညတ်၊ သဏ္ဌာန ပညတ်၊ သုဘ ပညတ်၊ ဇီဝ ပညတ်တို့ ဖုံးအုပ်ထား၍ ပရမတ်အစစ်ကို မမြင်ဘဲရှိသည်။ ထို့ကြောင့်လည်း မိမိကိုယ်ကို အားရနှစ်သက်သည့် တဏှာ၊ မိမိကိုယ်ကို ဟုတ်ဟုတ်တန်တန် ထင်မှတ်သည့် မာန၊ ဖဲ့မရ ခွာမရ အကောင်အခဲ

ထင်မြင်သည့် ဒိဋ္ဌိတို့ ဖြစ်ပေါ်နေခြင်းဖြစ်သည်။ ယင်းတို့ကိုပင် အရှိတရားအဖြစ် ထင်မှတ်မှား နေခဲ့ကြသည်။ စင်စစ် ယင်းတို့သည် အရှိတရား မဟုတ်။ ဖြစ်ပေါ်နေသည့် တရားသက်သက် သာတည်း။

လူဟု ခေါ်အပ်သော ခန္ဓာကိုယ် ဒြပ် အထည် ပညတ်ကြီးကို ဖျက်ဆီး၍ ဆံပင်တစ်ပုံ၊ အမွေးတစ်ပုံ၊ ခြေသည်းလက်သည်းတစ်ပုံ၊ သွား တစ်ပုံ၊ အရေတစ်ပုံ စသည်ဖြင့် ၃၂ ပုံ ပုံထားလျှင် လူမဟုတ်ပြီ။ လူဟူသော ပညတ် မရှိတော့ပြီ။ ဆံပင်၊ အမွေး စသည့် ပညတ်များသာ ရှိတော့ သည်။ ထို ၃၂ ပုံတွင် အမာခံဖြစ်သော အရိုး ပညတ် အထည် ကိုယ်ဒြပ်ကို မီးရှို့သော် အရိုး မဟုတ်တော့ပြီ။ အရိုး ဟူသော ပညတ်မှ မီးသွေး ဟူသော ပညတ်သို့ ပြောင်းလဲသွားပြီး ထိုမီးသွေး ဟူသော ပညတ်ကို မှုန့်မှုန့်ညက်ညက်ထောင်းထု ပြန်သော် မီးသွေးမဟုတ်၊ အမှုန့်အဖြစ်သို့ ပြောင်း လဲသည်။ ဤသို့လျှင် ပညတ်သည် သီးခြား သဘာဝ အတိအကျမရှိ။

အရှိပရမတ်မှာ ခန္ဓာငါးပါးဖြစ်သည်

| | | |
|---|---|---|
| ၁။ | ရူပက္ခန္ဓာ (ရုပ်အစု) | ရုပ်တရား |
| ၂။ | ဝေဒနာက္ခန္ဓာ (ခံစားမှုအစု) | နာမ်တရား |
| ၃။ | သညာနက္ခန္ဓာ (မှတ်သားမှုအစု) | |
| ၄။ | သင်္ခါရက္ခန္ဓာ (ပြုပြင်မှုအစု) | |
| ၅။ | ဝိညာဏက္ခန္ဓာ (သိမှုအစု) | |

ရုပ်ခန္ဓာတစ်ပါးနှင့် နာမ်ခန္ဓာလေးပါး ဖြစ်သည်။ ယင်းသည် လောကုတ္တရာခန္ဓာ ဖြစ်သည်။ ပစ္စုပ္ပန်ခန္ဓာစစ်လည်း ဖြစ်သည်။ ယင်းကိုသိအောင် ကြိုးစားရသည်။ ထိုသို့သိအောင် ကြိုးစားလျှင် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်သည်။

## ကင်္ခါဝိတရဏာဝိသုဒ္ဓိ
## (ရုပ်နာမ်အကြောင်းအကျိုးဆက်ကို သိခြင်း)

ရုပ်နာမ်အကြောင်းအကျိုးဆက်ကို သိနိုင်ရန် အာယတန (၁၂) ပါးကို သိရပေမည်။ အာယတန (၁၂) ပါးတွင် အတွင်းအာယတန(၆)ပါး နှင့် အပြင်အာယတန (၆) ပါး ဟူ၍ ရှိသည်။

| အတွင်းအာယတန | အပြင်အာယတန |
|---|---|
| မျက်စိ | အဆင်း |
| နား | အသံ |
| နှာခေါင်း | အနံ့ |
| လျှာ | အရသာ |
| ကိုယ် | အတွေ့ |
| စိတ် | အတွေးအကြံ |

အတွင်းအာယတနနှင့် အပြင်အာယတန အတွဲလိုက် တစ်ခုစီ ဆုံသောအခါ သိစိတ်ဟူ၍ ပေါ်သည်။ ယင်းသိစိတ်သည် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်လေးပါး၏ အစုဖြစ်သည်။

မျက်စိ + အဆင်း

မြင်သိစိတ် ပေါ်သည်။

နား + အသံ

ကြားသိစိတ် ပေါ်သည်။

နှာခေါင်း + အနံ့

နံ့သိစိတ် ပေါ်သည်။

လျှာ + အရသာ

လျက်သိစိတ် ပေါ်သည်။

ကိုယ် + အတွေ့

ထိသိစိတ် ပေါ်သည်။

စိတ် + အတွေးအကြံ

တွေးတော ကြံစည်စိတ် ပေါ်သည်။

ထိုသို့ပေါ်သောစိတ်များကို အပြင်ဦးသည့်စိတ်ဟူ၍ မှတ်အပ်သည်။ တစ်ဖန် မြင်သည့်၊ ကြားသည့်၊ နံသည့်၊ အရသာသိသည့်၊ ယားနာကောင်းသည့်၊ တွေးတောကြံစည်သည့်အဖြစ်ကြောင့် ဒေါသစိတ်၊ လောဘစိတ်၊ မောဟစိတ်၊ အဒေါသစိတ်၊ အလောဘစိတ်၊ အမောဟစိတ်များ ဖြစ်ပေါ်သည်။ ထိုစိတ်များကို အတွင်းဦးသည့်စိတ် ဟူ၍ မှတ်အပ်သည်။

မြင်သိစိတ်သည် မျက်လုံးအကြည်ရုပ်တွင် ပေါ်သည်။

ကြားသိစိတ်သည် နားအကြည်ရုပ်တွင် ပေါ်သည်။

နံ့သိစိတ်သည် နှာခေါင်းအကြည်ရုပ်တွင် ပေါ်သည်။

အရသာသိစိတ်သည် လျှာအကြည်ရုပ်တွင် ပေါ်သည်။

ထိသိစိတ် (ယားနာကောင်းစိတ်)သည် ခန္ဓာကိုယ် အကြည်ရုပ်တွင် ပေါ်သည်။

တွေးတောကြံစည်စိတ်သည် မနောဒွါရနှင့် ကြံတွေးစရာ အာရုံတို့တွင် ပေါ်သည်။

ဘာပေါ်ပေါ် ရုပ်အပေါ်တွင် နာမ်ပေါ်ခြင်း ဖြစ်သည်။ ထို့ကြောင့်

- မျက်စိ အကြည်ရုပ်နှင့် အဆင်းရုပ်သည် အကြောင်း၊

  (အပြင် ညွှတ်သည်စိတ်) မြင်သိ စိတ်သည် အကျိုး။

  (အတွင်း ညွှတ်သည်စိတ်) လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ စိတ်သည် အကျိုးဖြစ်သည်။

- နားအကြည်ရုပ်နှင့် အသံရုပ်သည်အကြောင်း

(အပြင် ညွှဲ့သည်စိတ်) ကြားသိစိတ်သည် အကျိုး၊
(အတွင်းညွှဲ့သည်စိတ်) လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ စိတ်သည် အကျိုးဖြစ်သည်။

– နှာခေါင်း အကြည်ရုပ်နှင့် အနံ့ရုပ်သည် အကြောင်း၊
(အပြင် ညွှဲ့သည်စိတ်) နံ့သိ စိတ်သည် အကျိုး၊
(အတွင်း ညွှဲ့သည်စိတ်) လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ စိတ်သည် အကျိုးဖြစ်သည်။

– လျှာ အကြည်ရုပ်နှင့် အရသာ ရုပ်သည် အကြောင်း၊
(အပြင်ညွှဲ့သည်စိတ်) စားစိတ်သည်အကျိုး၊
(အတွင်းညွှဲ့သည်စိတ်) လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ စိတ်သည် အကျိုးဖြစ်သည်။

- ခန္ဓာကိုယ် အကြည်ရုပ်နှင့် ထိတွေ့စရာရုပ် သည် အကြောင်း၊
(အပြင်ဧည့်သည်စိတ်) ထိသိစိတ်၊ ယားနာ ကောင်းစိတ်သည် အကျိုး၊
(အတွင်းဧည့်သည်စိတ်) လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ စိတ်သည် အကျိုးဖြစ်သည်။

အဆိုပါ ရုပ်နာမ်တို့၏ အကြောင်းအကျိုး ဆက်ကို သိရန်လိုသည်။

သိသည်ဟုဆိုရာတွင် အသိသုံးပါးရှိသည်။

ဝိညာဏ်သိ၊ သညာသိ၊ ပညာသိတို့ ဖြစ်သည်။ ဝိညာဏ်သိကား ဦးတိုက်သိ၊ အမည်မသိဘဲ သိသည့် အသိမျိုးဖြစ်သည်။ သညာသိကား အမည်ကိုသိ၍ သိသည့်အသိမျိုးဖြစ်သည်။ ပညာသိကား သဘာဝနှင့်တကွ အမှန်ကို သိခြင်းမျိုး ဖြစ်သည်။

## စိတ္တဝိသုဒ္ဓိ (သမာဓိထူခြင်း)

သမာဓိကို ထူရာတွင် ပညတ်ကို အာရုံပြုသော သမာဓိနှင့် ပရမတ်ကိုအာရုံပြုသော သမာဓိ

ဟူ၍ ရှိသည်။ သမထ သမာဓိသည် ပညတ်အာရုံ ဖြစ်သော ကသိုဏ်း၊ အသုဘ စသည်တို့ကိုအာရုံထဲ စွဲမြဲနေမှု ရျာန်သဘောဖြစ်သည်။

ဝိပဿနာသမာဓိသည် ရုပ် နာမ် ဓမ္မတို့၏ ခဏမစဲ တသဲသဲဖြစ်ပေါ်နေမှု၊ ပရမတ်အာရုံထဲ ဥဒယဝယဉာဏ် အမြင် စင်ကြယ်နေမှုသဘော ဖြစ်သည်။

ပညတ်ကို အာရုံပြုသည့် သမထသမာဓိ သည် လောကီရျာန်ရပ် သမာပတ်တို့ကို ကျက်စား သည်။ လောကီရျာန်တန်ခိုးသြဇာနှင့် အစွမ်းထက် မှုတို့ကို ဖြစ်ပေါ်စေသည်။

လောကီရျာန်သမာဓိကြောင့် ဗြဟ္မာ့ဘုံသို့ ရောက်နိုင်သည်။ သို့သော်ငြားလည်း ငရဲမှုကား မကင်းပေ။ ဗြဟ္မာ့ပြည်တဝင်းဝင်း၊ ဝက်စာကျင်း တရှုတ်ရှုတ် ဖြစ်သည်။

သမထ သမာဓိဖြင့် ငြိမ်းအေးသော ချမ်းသာ သုခကို ကိန်းသေပေါက် မျက်မှောက်ပြုနိုင်စွမ်း မရှိ။ ဝိပဿနာသမာဓိသည် ငြိမ်းအေးသော

– ခန္ဓာကိုယ် အကြည်ရုပ်နှင့် ထိတွေ့စရာရုပ်သည် အကြောင်း၊
(အပြင်ဧည့်သည်စိတ်) ထိသိစိတ်၊ ယားနာကောင်းစိတ်သည် အကျိုး၊
(အတွင်းဧည့်သည်စိတ်) လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ စိတ်သည် အကျိုးဖြစ်သည်။

အဆိုပါ ရုပ်နာမ်တို့၏ အကြောင်းအကျိုးဆက်ကို သိရန်လိုသည်။

သိသည်ဟုဆိုရာတွင် အသိသုံးပါးရှိသည်။

ဝိညာဏ်သိ၊ သညာသိ၊ ပညာသိတို့ ဖြစ်သည်။ ဝိညာဏ်သိကား ဦးတိုက်သိ၊ အမည်မသိဘဲ သိသည့် အသိမျိုးဖြစ်သည်။ သညာသိကား အမည်ကိုသိ၍ သိသည့်အသိမျိုးဖြစ်သည်။ ပညာသိကား သဘာဝနှင့်တကွ အမှန်ကို သိခြင်းမျိုး ဖြစ်သည်။

## စိတ္တဝိသုဒ္ဓိ (သမာဓိထူခြင်း)

သမာဓိကို ထူရာတွင် ပညတ်ကို အာရုံပြုသော သမာဓိနှင့် ပရမတ်ကိုအာရုံပြုသော သမာဓိ

ဟူ၍ ရှိသည်။ သမထ သမာဓိသည် ပညတ်အာရုံ ဖြစ်သော ကသိုဏ်း၊ အသုဘ စသည်တို့ကိုအာရုံထဲ စွဲမြဲနေမှု ရှာန်သဘောဖြစ်သည်။

ဝိပဿနာသမာဓိသည် ရုပ် နာမ် ဓမ္မတို့၏ ခဏမစဲ တသဲသဲဖြစ်ပေါ်နေမှု၊ ပရမတ်အာရုံထဲ ဉဒယဝယဉာဏ် အမြင် စင်ကြယ်နေမှုသဘော ဖြစ်သည်။

ပညတ်ကို အာရုံပြုသည့် သမထသမာဓိ သည် လောကီဈာန်ရုပ် သမာပတ်တို့ကို ကျက်စား သည်။ လောကီဈာန်တန်ခိုးသြဇာနှင့် အစွမ်းထက် မှုတို့ကို ဖြစ်ပေါ်စေသည်။

လောကီဈာန်သမာဓိကြောင့် ဗြဟ္မာ့ဘုံသို့ ရောက်နိုင်သည်။ သို့သော်ငြားလည်း ငရဲမှုကား မကင်းပေ။ ဗြဟ္မာ့ပြည်တဝင်းဝင်း၊ ဝက်စာကျင်း တရှုတ်ရှုတ် ဖြစ်သည်။

သမထ သမာဓိဖြင့် ငြိမ်းအေးသော ချမ်းသာ သုခကို ကိန်းသေပေါက် မျက်မှောက်ပြုနိုင်စွမ်း မရှိ။ ဝိပဿနာသမာဓိသည် ငြိမ်းအေးသော

ချမ်းသာသုခကို ကိန်းသေ မျက်မှောက်ပြုနိုင်စွမ်း ပေသည်။

သို့ဖြစ်ရာ သန္တိသုခကို ရှာမည်ဆိုလျှင် ပညတ်ကို အာရုံပြုသော သမာဓိနောက်မလိုက်မိဖို့ လိုသည်။ ပရမတ်ကို အာရုံပြုသော သမာဓိလမ်းကို ရွေးချယ်ရမည် ဖြစ်သည်။

# အခန်း ၅

## သမာဓိဉာဏ်

အာနာပါန ကမ္မဋ္ဌာန်းထိုင်မည်ဆိုလျှင် မဟာပလ္လင်ခွေထိုင်နည်းအတိုင်း ထိုင်ရပေမည်။ မဟာပလ္လင်ခွေထိုင်ပုံမှာ–

ဘယ်ခြေ အောက်၊ ညာခြေ အပေါ်
တင်ပျဉ်ခွေထက်၊ ဘယ်လက် အောက်၊
ညာလက် အပေါ်၊ လက်မချင်းထိထား၊
မျက်လွှာချထား၊ ကိုယ်ကို မတ်မတ်ထား

ဆိုသည့် အနေအထားဖြစ်သည်။

အမျိုးသမီးများဖြစ်က အမှ ပလ္လင်ခွေထိုင်နည်း ထိုင်ရပေမည်။ အမှပလ္လင်ခွေထိုင်ပုံမှာ ယခု

ကာလ အမျိုးသမီးများ ကျုံ့ကျုံ့ ပုဆစ်တုပ်ထိုင်ပုံ ဖြစ်သည်။

ဖော်ပြပါအတိုင်း အကျအန သက်သောင့် သက်သာ ထိုင်ပြီးနောက် နှာသီးဖျား၊ နှာသီးဝ၌ တိုးထိ ဝင်ထွက်နေသော ဝင်သက် ထွက်သက်ကို ပကတိ မိမိ ရှူရှိုက်နေကျအတိုင်း ရှူရှိုက်ကာ နှာသီးဖျား၊ နှာသီးဝတွင် ဝင်သက် ထွက်သက်၊ တိုးထိ ဝင်ထွက်နေမှု၌ စိတ်ကို ထားကာ ထိတိုင်း ထိတိုင်း သိသိနေရန် ဖြစ်သည်။ ယင်းသို့ သိသိ နေသော စိတ်ကို သက်စောင့်စိတ် ခေါ်အပ်သည်။ အိမ်သည် စိတ်လည်းဖြစ်သည်။

ဦးစွာပထမ အသက်ကို ရှူသွင်းရာတွင် ရှူသွင်းမှန်းသိအောင် သတိထားရမည်။ အသက်ကို ရှူထုတ်သောအခါ၌လည်း ရှူထုတ်မှန်းသိအောင် သတိထားရမည်။

ဝင်သက်ထွက်သက်နောက်သို့ စိတ်ကလိုက်ပြီး မှတ်ရန်မဟုတ်ပေ။ နှာသီးဖျားမှနေ၍ မှတ်ရင်း ဝင်သက်ထွက်သက်၊ ဝင်လေထွက်လေကို သတိ

နှင့် သိနေရမည်ဖြစ်သည်။ သိလို့သာ မှတ်၏။ မသိဘဲ မှတ်သည် မဆိုရ။ ထိုသို့ မှတ်နေစဉ် စိတ်သည် လွင့်ချင်ရာ လွင့်သွားတတ်သည်။ လွင့်လျှင် လွင့်ပါစေ၊ လွင့်ထွက်သွားသည်ကို သိနေဖို့လိုသည်။ အာရုံတစ်ခုခုစီသို့ ရောက်လျှင်လည်း ရောက်သွားပါစေ၊ ရောက်သွားသည်ကို သိနေဖို့လိုသည်။ ပေါ်သမျှ အာရုံကို သတိလွတ်မခံဘဲ သိနေဖို့လိုသည်။ ညွှတ်သည်စိတ်များ တစ်ခုမဟုတ် တစ်ခု ပေါ်လာနိုင်သည်။ အကယ်၍ ထိုအာရုံများ မပေါ်လျှင် မူလ ရှုမှတ်နေသည့် သက်စောင့်စိတ် ရှိရာအိမ်သည် စိတ်ကို ပြန်မှတ်ရမည်။ ဤသည်ပင် တရားမှတ်သည်ဟုခေါ်ခြင်း ဖြစ်သည်။

အားထုတ်စတွင် စိတ်သည် လွင့်ချင်ရာ လွင့်နေတတ်သည်။ သတိမထားက လွင့်နေမှန်း မသိ။ သတိတရားဖြင့် ရှုမှတ်လာသောအခါတွင် လွင့်လျှင် လွင့်မှန်း သိသည်။ မည်သည့်အာရုံ ရောက်ရောက်၊ ရောက်သမျှ အာရုံများကို သတိလက်လွတ် မဖြစ်ဘဲ မှတ်ရမည်။ ထွက်သက်

ဝင်သက်ကို ရှုမှတ်ရာတွင် လွှင့်ချင်ရာ လွှင့်၊ မည်သည့်အာရုံသို့ရောက်ရောက် စိတ်ကို အတင်း ဖွတ်ပြန်သိမ်းရန် မကြိုးစားဘဲ လွှင့်ရာနောက် အာရုံရောက်ရာနောက်သို့ အလိုက်သင့် သတိဖြင့် မှတ်နေသင့်သည်။ အဓိက အရေးကြီးသည်မှာ အခါမလပ် သတိကပ်နေဖို့ဖြစ်သည်။

ဝင်သက်ထွက်သက်ကို သိခြင်း၊ ဝင်သက် ထွက်သက်၏ ရှည်လျှင်ရှည်မှန်း၊ တိုလျှင် တိုမှန်း ကိုသိခြင်း၊ ဝင်သက်ထွက်သက်၏ စ လယ် ဆုံး ကိုသိခြင်း၊ ဝင်သက်ထွက်သက်တွင် ဝင်လျှင် ဝင်သက်ငြိမ်းသည်အထိ ထွက်လျှင် ထွက်သက် ငြိမ်းသည်အထိ သိခြင်း၊ ထိုသတိသည် ရှေ့ထင် ခြင်း၊ ထိုသတိသည် အဆင့်ဆင့် အသိဉာဏ်တိုး ပွားခြင်း၊ အဆင့်ဆင့် သတိတစ်ဖန်တိုးပွားခြင်း သာဖြစ်ခြင်း၊ တဏှာဒိဋ္ဌိတို့ဖြင့် မမှီမတွယ်ဟူ၍ လည်း နေခြင်းဖြစ်ရန် အားထုတ်ရသည်။

တချို့က ခန္ဓာငါးပါးကို ရှုသည်။ တချို့က စိတ်ကို ရှုသည်။ တချို့က ဝေဒနာကို ရှုသည်။

တချို့က သစ္စာလေးပါးကို ရှုသည်။ တချို့က ဣရိယာပုထ်ကို ရှုသည်။ တချို့က စက်ဆုတ်ဖွယ်ကို ရှုသည်။ တချို့က နီဝရဏတရား ငါးပါးကို ရှုသည်။ တချို့က ဓာတ်သဘောအားဖြင့် ရှုသည်။ တချို့က ဗောဇ္ဈင်ခုနစ်ပါးကို ရှုသည်။

မည်သည့်နည်းဖြင့် ရှုသည် ဖြစ်စေ တစ်ခုတည်းသောအာရုံဖြစ်သည့် အထက်ပါ နည်းများအနက် တစ်နည်းဖြစ်သော ရုပ်ဆိုလျှင် ရုပ်၊ ဝေဒနာဆိုလျှင် ဝေဒနာ၊ စိတ်ဆိုလျှင်စိတ်၊ ဓမ္မာနုပဿနာဆိုလျှင် ဓမ္မာနုပဿနာအာရုံကို ယူနိုင်သည့်သမာဓိရအောင် ထူထောင်ရမည် ဖြစ်သည်။

မည်သည့်နည်းကကောင်းသည် ဟူ၍ မရှိ။ မိမိ စရိုက်နှင့် ကိုက်ညီလျှင် ကောင်းသည်ချည်းဖြစ်သည်။ အရေးကြီးသည်မှာ သတိသည် ရှေ့တင်ခြင်း၊ ထိုသတိသည် အဆင့်ဆင့် အသိဉာဏ်တိုးပွားခြင်း၊ အဆင့်ဆင့် သတိတစ်ဖန်တိုးပွားခြင်းသာ ဖြစ်ခြင်း၊ တဏှာဒိဋ္ဌိတို့ဖြင့် မမှီမတွယ်မှု၍လည်း နေခြင်းဖြစ်ရန်သာလိုရင်းဖြစ်သည်။

ထိုသို့ မိမိစရိုက်နှင့် ကိုက်ညီသော သတိပဋ္ဌာန်တရားကို ရှုပွားရင်း သမာဓိ ထူထောင်လာသောအခါ နိမိတ်များ ထင်လာသည်။ ထင်လာတတ်သော နိမိတ်များမှာ–

(က) ပရိကမ္မနိမိတ်

(ခ) ဥဂ္ဂဟနိမိတ်

(ဂ) ပဋိဘာဂနိမိတ် တို့ ဖြစ်သည်။

ဥပမာ ဝင်သက်ထွက်သက်၊ ဝင်လေထွက်လေကို ရှုမှတ်သည်ဖြစ်လျှင် ဝင်သက်ထွက်သက် ထင်ထင်ရှားရှားရှိခြင်းသည်ပင် ပရိကမ္မနိမိတ်ဖြစ်သည်။ ပရိကမ္မသမာဓိဖြစ်ပေါ်လျက်ရှိသည်ဟု ဆိုရမည် ဖြစ်သည်။ ပရိကမ္မသမာဓိမှ တစ်ဆင့် ဝိပဿနာဘက်သို့ ကူးမည်ဆိုက ကူးနိုင်သည်။ ပရိကမ္မသမာဓိအဆင့်မှ ဝိပဿနာဘက်သို့ ကူးခြင်းသည် သီလ၏ စင်ကြယ်မှု (သီလဝိသုဒ္ဓိ)မှ ကူးခြင်းဖြစ်သည်။

ဥဂ္ဂဟနိမိတ်ဟူသည် မနောဒွါရတွင်ပေါ်ခြင်းဖြစ်သည်။ စိတ်ထဲ၌ ဇဝေဇဝါဖြစ်နေရာမှ စိတ်ထဲ၌

ထင်ထင်ရှားရှား ဖြစ်လာသည့် စိတ်ဖြင့် ကောင်းစွာ ထင်ရှားစွာ ယူနိုင်သော အာရုံဖြစ်သည်။ တစ်ခါ တစ်ရံ လေအလျဉ်ကဲ့သို့၊ အခိုးအငွေ့ကဲ့သို့၊ မီးကျည်မီးပန်းများကဲ့သို့၊ အလင်းရောင်များကဲ့သို့၊ အလင်းတန်းများကဲ့သို့ စသည့်အရာများ ဝင်လေ ထွက်လေနှင့်အတူ ရောနှော၍ နှာသီးဖျား၌ ဝင် လိုက် ထွက်လိုက်သကဲ့သို့ ထင်လာ မြင်လာခြင်း ဖြစ်သည်။ ဥဂ္ဂဟနိမိတ်ပေါ်ပြေားလည်း စီးဖြန်းနေ သည့် ဘာဝနာမှာ ပရိကမ္မဘာဝနာပင် ဖြစ်သည်။ သမာဓိမှာလည်း ပရိကမ္မသမာဓိပင် ဖြစ်သည်။

ပဋိဘာဂနိမိတ်မှာ ဥဂ္ဂဟနိမိတ်ကို ကျော် လွန်လာသည့် နိမိတ်ဖြစ်သည်။ ဤအဆင့်တွင် ကသိုလ်စိတ်ကို နှောင့်ယှက်တတ်သော နီဝရဏ တရားများ ကင်းကွာကာ စိတ်အစဉ်သည် ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူသော ဈာန် အင်္ဂါငါးပါး ထင်ရှားလာသည်။ သမာဓိအားဖြင့် ဥပစာရသမာဓိနှင့် ပို၍ အားကောင်းသော အပ္ပနာ သမာဓိများ ရလာသည်။ ဥပစာရသမာဓိနှင့်

အပ္ပနာသမာဓိမှတစ်ဆင့် ဝိပဿနာဘက်သို့ ကူးခြင်းသည် စိတ်နှလုံးစင်ကြယ်မှု (စိတ္တဝိသုဒ္ဓိ) မှ ကူးခြင်းဖြစ်သည်။

ဝိပဿနာဘက်ကူးရာတွင် မည်သည့်အဆင့်က ကူးကူး 'သမ္မဒိဋ္ဌိ' နှင့် ယှဉ်တွဲသောသမာဓိ ပါဖို့လိုသည်။

သမာဓိကို ထူထောင်ရာတွင် ဦးစွာပထမ ပုဂ္ဂလ ဗျာပါရဖြင့် ပုဂ္ဂိုလ်က လုပ်ယူရသည်။ သို့သော် သမာဓိအားကောင်းလာသည်နှင့်အမျှ ပုဂ္ဂလဗျာပါရဖြင့် ပုဂ္ဂိုလ်က လုပ်ယူရသည့်အဆင့်ကို ကျော်လွန်ကာ ဓမ္မတာအတိုင်း သိလာသည်။ ဓမ္မဗျာပါရဖြင့် 'သမ္မဒိဋ္ဌိ' ခေါ် အသိနှင့်ယှဉ်တွဲလာသည်။ ဤသတိသည် ဥပဋ္ဌာနသတိ (ပုဂ္ဂလဗျာပါရဖြင့် ပုဂ္ဂိုလ်က လုပ်မယူရဘဲ ဓမ္မဗျာပါရဖြင့် သူ့အလိုလိုထင်လာသော သတိ) ဖြစ်သည်။ သတိနှင့် ယှဉ်တွဲ၍ 'သမ္မဒိဋ္ဌိ' ခေါ် ပညာပါဝင်လာသည်။ ယင်းပညာသည် ဝိပဿနာပညာ မဟုတ်သေး။ သမာဓိပညာမျှသာ ဖြစ်သည်။

'သမ္ပဇည' သိခြင်း လေးမျိုးမှာ–

- သာတ္ထကသမ္ပဇည (လုပ်ငန်းနှင့်ပတ်သက်၍ အကျိုးရှိအောင် အသုံးချနိုင်မှု)
- သပ္ပါယသမ္ပဇည (လုပ်ငန်းနှင့်ပတ်သက်၍ သင့်လျော်အောင် အံဝင်ခွင်ကျဖြစ်အောင် ခွင်ချနိုင်မှု)
- ဂေါစရသမ္ပဇည (လုပ်ငန်းနှင့်ပတ်သက်၍ လိုအပ်သောဝတ္ထုကိုသိမှု)
- အသမ္မောဟသမ္ပဇည (မတွေမဝေသော အားဖြင့်သိမှု)

တို့ ဖြစ်သည်။

သဘာဝသက်သက်ကို သိလာခြင်းမျိုး ဖြစ်သည်။ ဥပမာ– ခြေကျင်သည်ဆိုရာ၌ ခြေက သတ်သတ်၊ ကျင်သည်ဆိုသည်က သတ်သတ် ခွဲခြား၍ သိလာသည်။ ကျင်ခြင်း၌ ခြေမပါ။ ကျင်ခြင်းသာ ရှိသည်။ တစ်နည်းဆိုသော် ပညတ်မပါဘဲ ပရမတ်ကို သိလာခြင်းမျိုး ဖြစ်သည်။

ပညတ်မပါဘဲ ပရမတ်ကို သိလာလျှင် နာမ်နှင့် ရုပ်ကို ခွဲခြားနိုင်သည်။ ထိုအခါ နာမ်

နှင့် ရုပ်ကို ခွဲခြား၍ သိသော နာမရူပ ပရိစ္ဆေဒဉာဏ် ပေါ်သည်။ တရားသိ၊ ဓမ္မသိ ဖြစ်သည်။ တရားသိ ဓမ္မသိ ပေါ်လျှင် အနတ္တကို မျက်မှောက်ပြုရန် အသင့်ဖြစ်လေပြီ။

# အခန်း ၆

## ဗောဓိပက္ခိယတရား ၃၇ ပါး နှင့် အညီကျင့်ခြင်း

မဂ်ဉာဏ်၏ အသင်းအပင်းတွင်ပါဝင်သော တရားစုကို ဗောဓိပက္ခိယတရားဟု ခေါ်သည်။ ယင်းတရားစုသည် မဂ်ဉာဏ်ဘက်၌ ပါဝင်၍ မဂ်ဉာဏ်၏ အကျိုးကို သယ်ပိုးဆောင်ရွက်ပေးသည်။

ဝိပဿနာတရား ရှုပွားအားထုတ်ရာတွင် တရားအားထုတ်သူ၏ အရည်အသွေးကို ယင်းဗောဓိပက္ခိယတရားများက မြှင့်တင်ပေးပြီး ဝိပဿနာ လမ်းကြောင်းမှ မသွေဖီရန်လည်း ယင်းတရားများက လမ်းညွှန်ပေးသည်။

ဗောဓိပက္ခိယတရား ၃၇ ပါးမှာ

(က) သတိပဋ္ဌာန် ၄ ပါး
(ခ) သမ္မပ္ပဓာန် ၄ ပါး
(ဂ) ဣဒ္ဓိပါဒ် ၄ ပါး
(ဃ) ဣန္ဒြေ ၅ ပါး
(င) ဗိုလ် ၅ ပါး
(စ) ဗောဇ္ဈင် ၇ ပါး
(ဆ) မဂ္ဂင် ၈ ပါး တို့ဖြစ်သည်။

## (က) သတိပဋ္ဌာန် ၄ ပါး

- ကာယနုပဿနာသတိပဋ္ဌာန်
- ဝေဒနာနုပဿနာ သတိပဋ္ဌာန်
- စိတ္တာနုပဿနာ သတိပဋ္ဌာန်
- ဓမ္မာနုပဿနာ သတိပဋ္ဌာန်

## (ခ) သမ္မပ္ပဓာန် ၄ ပါး

အရေ၊ အကြော၊ အရိုး၊ အသား အသွေး ခန်းခြောက်ပါစေဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသည့် ဝီရိယ ဖြစ်သည်။ ဤသည်မှာ တရားကိုယ်သဘော ဖြစ်သည်။ ကိစ္စမှာ ၄ မျိုးဖြစ်သည်။

ဖြစ်ပြီး ဖြစ်ဆဲ အကုသိုလ်တရားတို့ကို လုံးဝ ဂရုမပြုဘဲ ပယ်စွန့်ခြင်းငှာ အားထုတ်ခြင်း၊ နောင် ဖြစ်လတ္တံ့ကုန်သော အကုသိုလ်တရားတို့ကို တစ်ရံတစ်ဆစ်မျှ မိမိသန္တာန်၌ မဖြစ်စေရန် အားထုတ်ခြင်း မဖြစ်ဘူးသေးသော ကုသိုလ်တရားတို့ကို အားထုတ်ခြင်း၊ ဖြစ်ပြီး ဖြစ်ဆဲဖြစ်ကုန်သော ကုသိုလ်တရားတို့ကို တိုးတက်ကြီးထွားရန် အားထုတ်ခြင်း ဖြစ်သည်။

(ဂ) ဣဒ္ဓိပါဒ် ၄ ပါး

ဆန္ဒိဒ္ဓိပါဒ် – ဆန္ဒကြောင့်ပြီးပြည့်စုံမှု၊
ဝီရိယိဒ္ဓိပါဒ် – ဝီရိယကြောင့် ပြီးပြည့်စုံမှု၊
စိတ္တိဒ္ဓိပါဒ် – စိတ်ကြောင့်ပြီးပြည့်စုံမှု၊
ဝိမံသိဒ္ဓိပါဒ် – ပညာကြောင့်ပြီးပြည့်စုံမှု၊

ဆန္ဒစွမ်းအင်နိမ့်ကျသောသူတို့သည် အလွန်တရာ ကြီးကျယ်၍ ခက်ခဲသော လုပ်ငန်းရပ်ကြီးများကို မြင်ရတွေ့ရသည့်အခါ နောက်သို့ဆုတ်တတ်ကြသည်။ ဤမျှ ကြီးကျယ်၍ ခက်ခဲသော လုပ်ငန်းရပ်ကြီးတို့သည် ငါတို့၏ အလုပ်မဟုတ်ဟု ယူဆတတ်ကြသည်။

ဆန္ဒစွမ်းအင်ရှိသူတို့ကား အလွန်တရာ ကြီးကျယ်၍ ခက်ခဲသောလုပ်ငန်းရပ်ကြီးများကို မြင်ရတွေ့ရသည့်အခါ ယင်းလုပ်ငန်းရပ်ကြီးများကို လုပ်ဆောင်ရန် ဆန္ဒပြင်းပြကြပေသည်။ ဤကိစ္စရပ်ကြီးများသည် ငါလုပ်ရမည့်အလုပ် ဖြစ်ပေသည်ဟု ဆုံးဖြတ်တတ်ကြသည်။ ပြင်းပြသော ဆန္ဒဓာတ်၏ ဆွဲငင်အားကြောင့် အဆိုပါ ကိစ္စရပ်ကြီးများကို မပြီးမချင်း၊ မအောင်မြင်မချင်း လက်လျှော့တတ်ကြသည် မဟုတ်ပေ။

အလားတူ၊ စိတ်စွမ်းအင်၊ ဝီရိယစွမ်းအင်နှင့် ပညာစွမ်းအင် နိမ့်ကျသော သူတို့သည် အလွန်တရာ ကြီးကျယ်၍ ခက်ခဲသော လုပ်ငန်းရပ်ကြီးများကို မြင်ရတွေ့ရသည့်အခါ ဤအလုပ်သည် ငါတို့၏ အလုပ်မဟုတ်ဟု မှတ်ယူကာ နောက်သို့ ဆုတ်ကြသည်။

စိတ်စွမ်းအင်၊ ဝီရိယစွမ်းအင်နှင့် ပညာစွမ်းအင် ရှိသူတို့ကား ကြီးကျယ်၍ ခက်ခဲသောလုပ်ငန်းရပ်ကြီးများကို မြင်ရ တွေ့ရသောအခါ ဤအလုပ်သည်ကား ငါလုပ်ရမည့် အလုပ်ပေတည်းဟု ပြင်းပြသော သဘောဖြင့် အဆိုပါ ကိစ္စရပ်ကြီး

များကို ပြီးဆုံးသည်အထိ အထမြောက်သည်အထိ အောင်မြင်သည်အထိ ပြုလုပ်တတ်ကြသည်သာ။

## (ဃ) ဣန္ဒြေ ၅ ပါး

သဒ္ဓိန္ဒြေ – ယုံကြည်မှုဖြင့် စိတ်ကိုအစိုးရခြင်း၊
ဝီရိယိန္ဒြေ – ဝီရိယဖြင့် စိတ်ကိုအစိုးရခြင်း၊
သတိန္ဒြေ – သတိဖြင့် စိတ်ကို အစိုးရခြင်း၊
သမာဓိန္ဒြေ – သမာဓိဖြင့် စိတ်ကို အစိုးရခြင်း၊
ပညိန္ဒြေ – ပညာဖြင့် စိတ်ကိုအစိုးရခြင်း၊

သဒ္ဓါနှင့် ပညာသည်လည်းကောင်း၊ သမာဓိနှင့် ဝီရိယသည်လည်းကောင်း ချိန်ခွင်လျှာကဲ့သို့ တစ်ဖက်စောင်းနင်းမရှိ ညီညွတ်မျှတတည့်မတ်ရမည်။ ထိုသို့ ညီညွတ်မျှတနိုင်ရန် သတိဖြင့် ထိမ်းရသည်။

သဒ္ဓါလွန်က ယုံကြည်ချက်ကဲတတ်သည်။ တဏှာကျွန် ဖြစ်တတ်သည်။ ပညာလွန်က တွေဝေမိုက်မဲတတ်သည်။ ကောက်ကျစ်စဉ်းလဲတတ်သည်။ ဝီရိယလွန်လျှင် ဥဒ္ဓစ္စဖြစ်တတ်သည်။ သမာဓိလွန်လျှင် စိတ်ပျင်း စိတ်ညံ့ဖြစ်သည်။

သဒ္ဓါနှင့် ပညာ၊ သမာဓိနှင့် ဝီရိယသည် သတိ ဦးစီး၍ အလယ်တည့်မတ်သော ချိန်ခွင်လျှာကဲ့သို့ ရှိအပ်သည်။

## (င) ဗိုလ် ၅ ပါး

သဒ္ဓါဗိုလ် – သဒ္ဓါဖြင့်ဆန့်ကျင်ဘက်တရား တို့ကို တိုက်ဖျက်ခြင်း

ဝီရိယဗိုလ် – ဝီရိယဖြင့် ဆန့်ကျင်ဘက်တရား တို့ကို တိုက်ဖျက်ခြင်း

သတိဗိုလ် – သတိဖြင့် ဆန့်ကျင်ဘက်တရား တို့ကို တိုက်ဖျက်ခြင်း

သမာဓိဗိုလ်– သမာဓိဖြင့် ဆန့်ကျင်ဘက်တရား တို့ကို တိုက်ဖျက်ခြင်း

ပညာဗိုလ် – ပညာဖြင့် ဆန့်ကျင်ဘက်တရားတို့ ကို တိုက်ဖျက်ခြင်း

## (စ) ဗောဇ္ဈင် ၇ ပါး

ဗောဓိဟူသော မဂ်ဉာဏ်၏ အစိတ် အင်္ဂါကို ဗောဓိအင်္ဂ = ဗောဇ္ဈင်္ဂ = ဗောဇ္ဈင်ဟု ခေါ်၏။

ဗောဇ္ဈင်တရားများ ကြီးထွားအားပြည့်လာလျှင် မဂ်ဉာဏ်ရမည်ဖြစ်၏။ ဗောဇ္ဈင် ၇ ပါး ရှိသည်။

၁။ သတိသမ္ဗောဇ္ဈင် – သစ္စာလေးပါးကို သိမြင်ရန် ကောင်းစွာ အမှတ်ရမှု (သတိ)

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင် – သစ္စာလေးပါးကို သိမြင်ရန် ကောင်းစွာ စိစစ်သိမှု (ပညာ)

၃။ ဝီရိယသမ္ဗောဇ္ဈင် – သစ္စာလေးပါးကို သိမြင်ရန် ကောင်းစွာ အားထုတ်မှု (ဝီရိယ)

၄။ ပီတိသမ္ဗောဇ္ဈင် – သစ္စာလေးပါးကို သိမြင်ရန် အာရုံကို နှစ်သက်မှု (ပီတိ)

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင် – သစ္စာလေးပါးကို သိမြင်ရန် ကိုယ် စိတ် ငြိမ်းအေးမှု (ကာယပဿဒ္ဓိနှင့် စိတ္တပဿဒ္ဓိ)

၆။ သမာဓိသမ္ဗောဇ္ဈင် – သစ္စာလေးပါးကို သိမြင်ရန် ကောင်းစွာ တည်ကြည်မှု (ဧကဂ္ဂတာ)

၇။ ဥပေက္ခာသမ္ဗောဇ္ဈင် – သစ္စာလေးပါးကို သိမြင်ရန် ချစ်မုန်းမပြု တည့်မတ်စွာရှုမြင်မှု (တတြမဇ္ဈတ္တတာ)

မဂ္ဂင် ၈ ပါး

သမ္မာဒိဋ္ဌိ – မှန်သောအယူအမြင်၊

သမ္မာသင်္ကပ္ပ – မှန်သောအကြံ

သမ္မာဝါစာ – မှန်သောစကား

သမ္မာကမ္မန္တ – မှန်သောအမှုအလုပ်

သမ္မာအာဇီဝ – မှန် သော အ သက် မွေး ဝမ်းကျောင်း၊

သမ္မာဝါယမ – မှန်သောအားထုတ်မှု၊

သမ္မာသတိ – မှန်သောအောက်မေ့မှု၊ နှလုံးသွင်းမှု၊

သမ္မာသမာဓိ – မှန်သောတည်ကြည်မှု၊ စူးစိုက်မှု၊

မဂ္ဂင်ရှစ်ပါးတွင် သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်နှင့် ပညာမဂ္ဂင် ဟူ၍ ရှိသည်။

သမ္မာဝါစာ၊ သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝသည် သီလမဂ္ဂင်များ ဖြစ်သည်။

သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိတို့သည် သမာဓိမဂ္ဂင်များ ဖြစ်သည်။

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပသည် ပညာမဂ္ဂင်များဖြစ်သည်။

ဦးစွာပထမ သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပတည်းဟူသော ပညာမဂ္ဂင်ဖြင့် ဆင်ခြင်၍ သီလမဂ္ဂင်ကို တည်ဆောက်ရသည်။ သီလမဂ္ဂင် တည်ဆောက်ပြီး သတိပဋ္ဌာန်တရား ပွားများရသည်။ သတိ၊ ပညာနှင့် ဝီရိယတို့ကို ဗောဇ္ဈင်ဖြစ်အောင် ပွားများရသည်။ သတိ၊ ပညာနှင့် ဝီရိယ ဗောဇ္ဈင်ဖြစ်သော အခါ သီလမဂ္ဂင် ပြည့်စုံသည်။

တစ်ဖန် ပီတိ၊ ပဿဒ္ဓိနှင့် သမာဓိတို့သည်လည်း ဗောဇ္ဈင်ဖြစ်လာပြီး သမာဓိမဂ္ဂင်အဖြစ်သို့ ရောက်သည်။ ထိုအခါ သီလမဂ္ဂင်အပေါ် သမာဓိမဂ္ဂင် တည်ဆောက်ပြီးသား ဖြစ်သည်။

ထို့နောက် ဥပေက္ခာ စေတသိက်က သီလမဂ္ဂင်နှင့် သမာဓိမဂ္ဂင်တို့ကို တစ်ခုတည်းသော ဝိမုတ္တိရသဖြင့် ဗဟိုချက်ပြု၍ ပညာမဂ္ဂင်နှင့် တစ်သားတည်း၊ တစ်ပြိုင်တည်း ဖြစ်အောင် စုစည်းပေးသည်။ ဤသို့ အညီအညွတ် ဆောင်ရွက်ခြင်းဖြင့် ဥပေက္ခာသမ္ဗောဇ္ဈင်အဖြစ်သို့ ရောက်ကာ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်နှင့် ပညာမဂ္ဂင်တို့ တစ်သား

တည်း ဖြစ်သွားပြီး 'သမ္မောဓိ' အဖြစ်သို့ ဆိုက်သည်။ ထိုအခါ မဂ္ဂင်တို့သည် လောကုတ္တရာ အဆင့်သို့ ရောက်သွားသည်။ ကိလေသာတို့ အမြစ်ပြတ်သည်။ နိရောဓကို မျက်မှောက်ပြုသည်။

# အခန်း ၇

## ဝိပဿနာဉာဏ်

သတိပဋ္ဌာန်တရားကို အပိုင်းသုံးပိုင်း ပြဆိုသည်။

သတိပဋ္ဌာန – သတိမြဲမှု၊ သမာဓိပိုင်း၊

သတိပဋ္ဌာနဘာဝနာ – ဖြစ်ခြင်း၊ ပျက်ခြင်းကို ရှုမှားမှု၊

သတိပဋ္ဌာနဂါမိနီပဋိပဒါ – သင်္ခါရတရားတို့ ဖြစ်သော ဖြစ်ခြင်း ပျက်ခြင်း ကင်းဆိတ်ရာလမ်းသို့ရောက်ခြင်း။

သတိမြဲမှု၊ သမာဓိရသောအခါ သတိပဋ္ဌာန အဆင့်မှသတိပဋ္ဌာနဘာဝနာအဆင့်သို့ တက်လှမ်းရန်ဖြစ်သည်။ဝိပဿနာဘက်သို့ကူးခြင်းဖြစ်သည်။

ဝိပဿနာအလုပ်တွင် ပိုင်းခြားသိခြင်း အဆင့် သုံးဆင့်ရှိသည်။

- ဉာတပရိညာဏ်၊
- တီရဏပရိညာဏ်၊
- ပဟာနပရိညာဏ်၊

ဉာတပရိညာဏ်ဆိုသည်မှာ သဘာဝနှင့်တကွ နာမ်တို့ ရုပ်တို့ကို တခြားစီနေအောင် သိနိုင်၊ မြင်နိုင်သော ဉာဏ်ကို ဆိုသည်။

တီရဏပရိညာဏ်ဆိုသည်မှာ နာမ်၊ ရုပ် တို့၏ ဖြစ်ပျက်မစဲ အမြဲမတည်သောအနိစ္စသဘော ကို လည်းကောင်း၊ ကြောက်စရာ ဒုက္ခသဘောကို လည်းကောင်း၊ ယူစရာ ရစရာ အနှစ်အသားမရှိ သော အနတ္တသဘောကိုလည်းကောင်း သိမြင် ဆုံးဖြတ်နိုင်သော ဉာဏ်ကို ဆိုသည်။

ပဟာနပရိညာဏ်ဆိုသည်မှာ သိမြင်ဆုံးဖြတ် ပြီးနောက် တဏှာ၊ မာန၊ ဒိဋ္ဌိ စင်ကင်း၍ အလင်း သို့ အရှင်းသို့ ရောက်သောဉာဏ်ကို ဆိုသည်။

ဖောက်ပြန်မှုရုပ်သဘောနှင့် ညွတ်မှု နာမ် သဘောကို ရှုသောအခိုက်၊ အာရုံ၌ ပိုင်းခြား မှတ်သားထားသူသည် ဖောက်ပြန်မှု ရုပ်စု၊ ညွတ်မှု နာမ်စုမှတစ်ပါး တခြားသတ္တဝါဟု ရှုသောစိတ် မရှိသောကြောင့် သတ္တဝါကို မမြင်ဟု ဆိုရ၏။ သတ္တဝါ မမြင်သည်ကို သတ္တဝါအမှတ်ကွာသည်ဟု ဆိုရ၏။ သတ္တဝါဟု မှတ်မှုကွာသောစိတ်ဖြင့် ဖောက်ပြန်မှု၊ ညွတ်မှုဟုဆိုအပ်သော ရုပ်နာမ် သင်္ခါရတို့ကို သိမ်းဆည်းသောသူအား သတ္တဝါ ရှိ၏ဟု အယူမှား စိတ်မရှိသောကြောင့် 'ဒိဋ္ဌိ' မဖြစ်။ ဒိဋ္ဌိမဖြစ်ခြင်းကြောင့် ဒိဋ္ဌိကွာသည်ဟုဆိုရ ၏။ ဤဒိဋ္ဌိကွာသော စိတ်ဖြင့် ဖောက်ပြန်မှု ညွတ်မှုဟု ဆိုအပ်သော ရုပ် နာမ် သင်္ခါရတို့ကို သိမ်းဆည်းသောသူအား ထောင်လွှားစရာ မာန မရှိသောကြောင့် 'မာန' မဖြစ်။ မာန မဖြစ်ခြင်း ကြောင့် မာန ကွာသည်ဟု ဆိုရ၏။ ဤမာနကွာ သောစိတ်ဖြင့် ဖောက်ပြန်မှု၊ ညွတ်မှုဆိုအပ်သော ရုပ် နာမ် သင်္ခါရတို့ကို သိမ်းဆည်းသောသူအား

တပ်မက်စရာမရှိသောကြောင့် 'နိကန္တိတဏှာ' မဖြစ်။ နိကန္တိတဏှာ မဖြစ်ခြင်းကြောင့် တဏှာကုန်သည်ဟု ဆို၏။

ဉာတပရိညာဏ်အဆင့်

| | |
|---|---|
| – နာမရူပ ပရိစ္ဆေဒဉာဏ်၊ (ရုပ်နာမ်ကိုပိုင်းခြား၍ သိနိုင်သော ဉာဏ်)<br>– ပစ္စယပရိဂ္ဂဟဉာဏ်(နာမ် ရုပ်တို့၏အကြောင်းကို သိမ်းဆည်းနိုင်သောဉာဏ်) | ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ အထိုက်အလျောက်ကွာ |

တီရဏပရိညာဏ်အဆင့်

| | |
|---|---|
| – သမ္မသနဉာဏ်<br>– ဥဒယဗ္ဗယဉာဏ်<br><br>ပဟာနပရိညာဏ်အဆင့်<br>– ဘင်္ဂဉာဏ်<br>– ဘယဉာဏ် | ဝိပဿနာဉာဏ်စဉ် ၁၀ ပါး |

| | |
|---|---|
| - အာဒီနဝဉာဏ် | ဝိပဿနာဉာဏ်စဉ် ၁၀ ပါး |
| - နိဗ္ဗိဒါဉာဏ် | |
| - မုစ္စိတုကမျတာဉာဏ် | |
| - ပဋိသင်္ခါဉာဏ် | |
| - သင်္ခါရုပေက္ခာဉာဏ် | |
| - အနုလောမဉာဏ် | |

ဉာတပရိဉာဏ်အဆင့်

- နာမရူပ ပရိစ္ဆေဒကဉာဏ်ဆိုသည်မှာ နာမ်တို့၊ ရုပ်တို့ အသွယ်သွယ် အမျှင်မျှင်၊ အသီးသီး၊ တခြားစီနေအောင် ထင်နိုင် မြင်နိုင်၊ ပိုင်းခြားနိုင် သောဉာဏ်ကို ဆိုသည်။
- ပစ္စယပရိဂ္ဂဟဉာဏ် ဆိုသည်မှာ မည်သည့် အရာကြောင့် နာမ် ရုပ် ဖြစ်သည်ဟု နာမ် ရုပ်၏ အကြောင်းကို အမှန်ကျ သိမြင်နိုင်၊ သိမ်းဆည်းနိုင်သော ဉာဏ်ကို ဆိုသည်။

အနိစ္စဉာဏ်ဆိုသည်မှာ ယင်း ရုပ်နာမ်တို့၏ အပြတ်အပြတ်၊ ရေပွက်ကဲ့သို့ဖြစ်ပျက် မစဲ အမြဲ မတည်သည်ကို သိမြင်နိုင်သော ဉာဏ်ကိုဆိုသည်။

ဒုက္ခဉာဏ်ဆိုသည်မှာဖြစ်၍ ဖြစ်၍ ပျက်ကြသော နာမ်ရုပ်တို့ကို ထိတ်ဘွယ်၊ လန့်ဘွယ်၊ ကြောက်မက်ဘွယ် ဒုက္ခဟု သိမြင်နိုင်သောဉာဏ်ကို ဆိုသည်။

အနတ္တဉာဏ် ဆိုသည်မှာ ဖြစ်ပျက်မစဲ ကြောက်ဘွယ်၊ ထိတ်ဘွယ်၊ လန့်ဘွယ်၊ နာမ်ရုပ်တို့၏ အကောင်မဟုတ်၊ အရှင်မဟုတ်၊ ပိုင်သူမရှိ၊ နိုင်သူမရှိ၊ အစိုးရသူမရှိ၊ သူဖြစ်ချင်သလိုဖြစ်၊ သူပျက်ချင်သလို ပျက်၊ အယူမခံ၊ အကိုင်မခံ၊ ယူစရာ၊ ရစရာ အနှစ်အသားမရှိသည့်အဖြစ်ကို သိနိုင် မြင်နိုင်သောဉာဏ်ကို ဆိုသည်။

ဆိုအပ်ပြီးသော ယင်းဉာဏ်ငါးပါးတို့တွင် နာမရူပ ပဋိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါးဖြင့် သမူဟဃနပညတ်ကို ခွာလှန်သည်။

အနိစ္စဉာဏ်ဖြင့် သန္တတိဃနပညတ်ကို ခွာလှန်သည်။

ဒုက္ခဉာဏ်ဖြင့် သုဘပညတ်ကို ခွာလှန်သည်။

အနတ္တဉာဏ်ဖြင့် ဇီဝပညတ်ကိုခွာလှန်သည်။

ချာလှန်သည်ဆိုသည်မှာ အထူး ချာလှန်၍ တော့သည် မဟုတ်။ အဟုတ်ရှိ၊ အမှန်ရှိ၊ အဟုတ် သဘော၊ အမှန်သဘောကို အဟုတ်သိ၊ အမှန်သိ သိက ပညတ် အလိုလို ကွာသည်။

ဒုက္ခ– ကိုမြင်လျှင် တဏှာကွာသည်။ အနိစ္စ –ကိုမြင်လျှင် မာနကွာသည်။ အနတ္တ–ကိုမြင်လျှင် ဒိဋ္ဌိကွာသည်။

နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ် ယင်းဉာဏ် ငါးပါးကို အဟုတ်ရှိသောနာမ်နှင့် ရုပ်၊ အဟုတ် သဘောဖြစ်သော လက္ခဏာသုံးပါးဖြင့် အဟုတ် အမှန်အတိုင်း သိသောအခါ ယထာဘူတဉာဏ် ပေါ်သည်။

ယထာဘူတဉာဏ်ဟူသည် တစ်နည်းအား ဖြင့် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မဝါယမ၊ သမ္မာ သတိ၊ သမ္မာသမာဓိ ဆိုသော မဂ္ဂင်ငါးပါးနှင့် မြင်သည့်အမြင်လည်း ဖြစ်သည်။

ဖော်ပြပါ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ်နှစ်ပါးပေါ်က စူဠသောတာပန်ဖြစ်

သည်။ ကလျာဏပုထုဇဉ်အဖြစ်သို့ ရောက်သည်။ ဤအဆင့်တွင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို သမုစ္ဆေဒပဟာန်ဖြင့် မပယ်နိုင်သေးစေကာမူ တဒင်္ဂပဟာန်ဖြင့်ဖြစ်စေ၊ ဝိက္ခမ္ဘနပဟာန်ဖြင့်ဖြစ်စေ ပယ်နိုင်ပြီဖြစ်သောကြောင့် ဒုတိယဘဝအတွက် စိတ်အေးရသည်။

ဝိပဿနာဘက်သို့ ကူးရာ၌ ဝိပဿနာမတိုင်မီ အပေါ်ပိုင်း သီးခြားလက္ခဏာများကို မြင်အောင်ရှုရသည်။ ပူလျှင် ပူသည်၊ အေးလျှင် အေးသည်။ နာလျှင် နာသည် ဟူသော ပူသိ၊ အေးသိ၊ နာသိစသည့် အသိများသည် ဝိပဿနာမတိုင်မီ သီးခြားလက္ခဏာသိများ ဖြစ်သည်။

ယင်းသီးခြားလက္ခဏာသိများသည် နာမ်ရုပ်သိ (နာမရူပ ပရိစ္ဆေဒဉာဏ်)အဆင့် ဖြစ်သည်။ ထိုနောက် ယင်း နာမ် ရုပ်တို့ကိုပင် အကြောင်းအကျိုးဆက်သဘောဖြင့် သိသောအခါ အကြောင်းကို သိမ်းဆည်းသိ (ပစ္စယပရိဂ္ဂဟဉာဏ်) အဆင့်ရောက်သည်။

ဆက်လက်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော သာမည လက္ခဏာများသည် သီးခြားလက္ခဏာများအပေါ်သို့ တက်လာသည်။ ထိုအခါ ယင်းသာမညလက္ခဏာကိုသိသော အသိသည် ဖြစ်ပေါ်၍ လာသည်။ ယင်းအသိသည် ဝိပဿနာအသိပင် ဖြစ်သည်။

ဝိပဿနာအလုပ်သည် ရုပ်နာမ်အမှုအရာတို့၏ အဖြစ်အပျက်ကို သိအောင် အားထုတ်ရသည်ဆိုသော်လည်း ကြံစည်၍ ဖြစ်သည်ကိုသိခြင်း၊ ကြံစည်၍ ပျက်သည်ကိုသိခြင်းမျိုး မဟုတ်ပေ။ ယင်း သိခြင်းမျိုးသည် ဝိပဿနာမဟုတ်ပေ။ အကြောင်းအားလျော်စွာ မကြံစည်ဘဲဖြစ်ပေါ် လာသည်ကို သိခြင်း၊ ပျက်သွားသည်ကို သိခြင်းမျိုးကိုသာ ဝိပဿနာဟု ခေါ်သည်။

## တီရဏပရိဉာဏ်အဆင့်

ရုပ်နာမ် ဓမ္မတို့အပေါ် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး တင်၍ ဆင်ခြင် ကူးမြောက်

မှု၌ ပိုင်းခြားသိခြင်း (လက်တွေ့ ကျင့်ကြံအားထုတ်ခြင်းဖြင့် ပိုင်းခြားသိခြင်း) ဖြစ်သည်။

သတိပဋ္ဌာန (သတိမြဲမှု၊ သမာဓိပိုင်း)တွင် ရုပ်ကြိုက်လျှင် ရုပ်ကိုရှု၊ စိတ်ကြိုက်လျှင်စိတ်ကိုရှု၊ ဝေဒနာကြိုက်လျှင် ဝေဒနာရှု၊ ဓမ္မာနုပဿနာကြိုက်က ဓမ္မနုပဿနာကို အခြေပြုရှုရသည်။

သတိပဋ္ဌာနဘာဝနာ (ဖြစ်ခြင်း ပျက်ခြင်းကို ရှုပွားမှု) အပိုင်းသို့အရောက်တွင် ရုပ်ကို ရှုပွားခဲ့သူများသည် ခန္ဓာငါးပါးရှုကွက်၊ ဓာတ်လေးပါးရှုကွက်ဖြင့် ဝိပဿနာဘက် ကူးသည်။ စိတ်ကိုရှုပွားခဲ့သူများသည်အာယတနရှုကွက်ဖြင့်ကူးသည်။ ဝေဒနာကို ရှုပွားခဲ့သူများသည် ပဋိစ္စသမုပ္ပါဒ်ရှုကွက်ဖြင့် ကူးသည်။ ဓမ္မာနုပဿနာရှုပွားခဲ့သူများသည် သစ္စာလေးပါးရှုကွက်ဖြင့် ကူးသည်။ သို့မဟုတ် အားသန်ရာရှုကွက်အလိုက် ကြိုက်ရာကြိုက်ရာ ကူးမြောက်နိုင်သည်ပင် ဖြစ်သည်။ မဂ္ဂင်ရှစ်ပါး ပါဝင်ဖို့သာ ပဓာနဖြစ်သည်။

ဤသည်မှာ အရှုခံအနေဖြင့် ခန္ဓာငါးပါး

ရှုကွက်၊ အာယတနရှုကွက်၊ ပဋိစ္စသမုပ္ပါဒ်ရှုကွက်၊ သစ္စာလေးပါးရှုကွက်ဟု ခွဲပြောခြင်း ဖြစ်သည်။

ယင်းအရှုခံတရားများပေါ်တွင် ဖြစ်ပေါ်လျက်ရှိသည့် ဝဋ်ဒုက္ခတရားများကို ဝိပဿနာရှုရမည်ဖြစ်သည်။ ထိုသို့ရှုရာတွင် ရှုဉာဏ်ကိုသုံးရသည်။ ရှုဉာဏ်ဟူသည် ယထာဘူတဉာဏ်ကိုဆိုသည်။ ယင်းသည် ပရမတ်မျက်စိလည်းဖြစ်သည်။

## ခန္ဓာငါးပါးရှုကွက်

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တည်းဟူသော ခန္ဓာငါးပါးတွင် ဖြစ်ပေါ်လျက်ရှိသော ဝဋ် ဒုက္ခတရားများကို ရှုရသည်။ ထိုသို့ရှုရာတွင် ဉာဏ်မျက်စိဖြင့် ဖြစ်ပျက်ကို မြင်အောင်ရှုရသည်။ တစ်ဆက်တည်းမှာပင် ဖြစ်ပျက်မြင်စိတ်ကိုလည်း ဖြစ်ပျက် ရှုရသည်။

ငါဝိပဿနာ ရှုအံ့ဟုထင်နေမှုသည် ဒိဋ္ဌိဖြစ်၍ မဂ်ဖိုလ် တက်လမ်းကို တားနိုင်သည်။ သင်္ခါရတရား (ပြုစီမံမှု) တရားတို့က သင်္ခါရတရားတို့ကို

ရှုသည်ဟု ထင်ပါမှ ဒိဋ္ဌိဖြုတ်သည်။ မည်သည့် ရှုကွက်အရ ရှုသည်ဖြစ်စေ ဤအဆင့်အထိရောက် အောင် ရှုရမည်ဖြစ်သည်။

ဝိပဿနာကို ငါ ကောင်းစွာရှုနိုင်၏ စသဖြင့် ထင်မှု တက်ကြွသော မာနဖြစ်၍ တရားတက်လမ်း ကို တားနိုင်သည်။ သင်္ခါရတရားတို့က သင်္ခါရ တရားတို့ကို ရှု၏ဟု ထင်ပါမှ မာနကွာမည်။

ခန္ဓာငါးပါး၏ ရုပ်နာမ်တရားတို့ကို နိုင်နင်း စွာ ရှုနိုင်ခြင်းကြောင့် ဝိပဿနာချည်း ရှုမှတ်ချင် နေသည်ဟု ဝိပဿနာကို သာယာမှုတဏှာဖြစ်နေ ပါက တက်လမ်းကို တားနိုင်သည်။ သင်္ခါရတရား စုကို ရှု၏ဟု သိမှ တဏှာကွာမည်။ သို့ဖြစ်ရာ ဖြစ်ပျက်ရှုလျှင် မဂ်ရောက်သည်အထိ ရှုနိုင်မှ တဏှာမာန ဒိဋ္ဌိစင်သည်။

သို့မဟုတ်က မဂ်တုများဖြစ်ပေါ်လာပြီး ယင်း မဂ်တုများကိုပင် မဂ်ဟူ၍ ထင်မှတ်မှားတတ်သည်။

သြဘာသ = တရားအားထုတ်၍ ဉာဏ်အား

ကောင်းသောအခါ သွေးများ ကြည်လင်

သန့်ရှင်းလာသည်။ ဖြစ်ပျက်တို့ကို လည်း မြင်၏။ ထိုအခါ စိတ်ကြောင့် ဖြစ်သော အလင်းရောင်ကြီး ပေါ်လာသည်။ ထိုသို့ ဖြစ်လာသည်ကို မဂ်ရပြီဟု ထင်မှတ်မှား ကာ အလင်းရောင်ကိုပင် သာယာမိသည်။ အလင်းရောင်ကား အပြစ်မဟုတ်။ သာယာ နေမိခြင်းသည်သာ အပြစ် ဖြစ်သည်။ အဆိုပါ အလင်းရောင်ကို မဂ်ဟု ထင်၏။ ထိုသို့ထင်က ရှေ့ဆက်၍ တရားသား မတက်တော့ပေ။

ဉာဏ = ဝိပဿနာဉာဏ်များ အားကောင်းလာ ပြီး ရုပ်နာမ် ဓမ္မ သင်္ခါရကို သုံးသပ်သော အခါ ကြည်ကြည်လင်လင် ထင်မြင်နေ ၏။ ယင်းကိုပင် မဂ်ရပြီဟု သာယာနေမိ တတ်သည်။ တရားသား ရှေ့မတက်ပေ။

ပီတိ = တရားအားထုတ်ခိုက်တွင် ဝိပဿနာပီတိ များ ဖြစ်နေတတ်သည်။ ပီတိငါးမျိုးဖြစ် တတ်သည်။ သို့မဟုတ် အချို့အဝက်ဖြစ်

တတ်သည်။ ယင်းကိုပင် မဂ်ရပြီဟုသာယာ
နေမိက တရားသား ရှေ့မတက်တော့ပေ။

ပဿဒ္ဓိ = ခန္ဓာကိုယ် ငြိမ်းအေးနေတတ်သည်။ ကိုယ်ရော စိတ်ပါ ပူလောင်မှုမရှိ။ လေးလံမှုမရှိ။ ကြမ်းတမ်းမှုမရှိ။ မဂ်ရပြီထင်ပြီး ရှေ့မဆက်ဘဲရှိသည်။

သုခ = ဝိပဿနာသုခဖြစ်နေသည်။ တစ်ကိုယ်လုံး သုခချမ်းသာမှုတွေ စိမ့်ပြီးယိုစီးနေ သကဲ့သို့ ရှိသည်။ မဂ်ရပြီဟု ထင်မှတ် နေတတ်သည်။

အဓိမောက္ခ = စိတ်စေတသိက်များ လွန်စွာကြည်လင်လျက်ရှိပြီး အားကောင်းသောသဒ္ဓါ ဖြစ်နေသည်။ ယင်းကိုပင် မဂ်ဟု ထင်နေတတ်သည်။

ပဂ္ဂဟ= လျော့လည်း မလျော့လွန်း၊ တင်းလည်း မတင်းလွန်းသော ကောင်းစွာ မြောက်ကြွနေသော ဝီရိယမျိုး ဖြစ်ပေါ်လျက်ရှိပြီး ယင်းကိုပင် မဂ်ဟု ထင်မှတ်နေသည်။

ဥပဋ္ဌာန = တရားအားထုတ်ခိုက်တွင် ကောင်းစွာ
ဖြစ်ပေါ်သော သတိကို မဂ်ဟု ထင်နေမိ
သည်။ သာယာနေမိသည်။

ဥပေက္ခာ = ဝိပဿနာရှုသောအခါ သင်္ခါရတရား
တို့ကို ဉာဏ်ဖြင့် သိမ်းပိုက်ရာ၌ ဝိပဿနာ
နုပေက္ခာဉာဏ်နှင့် မနောဒွါရဝဇ္ဇနုပေက္ခာ
လွန်စွာ အားကောင်းသည်ကို မဂ်ဟုထင်
နေတတ်သည်။

နိကန္တိ= ဖော်ပြခဲ့ပြီးသော အလင်းရောင်၊ ဉာဏ်၊
ပီတိ၊ ပဿဒ္ဓိ၊ သုခ စသည်တို့ ဖြစ်ပေါ်
လာတိုင်း နှစ်သက် တွယ်တာနေမိသည်။

ဝိပဿနာအားထုတ်ပါက ယင်းမဂ်တုများ ဖြစ်ပေါ်လာမြဲ ဖြစ်သည်။ ၎င်းတို့ကို မကျော်လွှား မဖယ်ရှားပါက မဂ်စစ်ကို မရနိုင်။ ၎င်းတို့ကို ဖယ်ရှား ကျော်လွှားနိုင်ပါမှ မဂ်စစ်ကို ရနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ ဖြစ်ပျက်ကိုရှုရာ၌ တစ်ဆက် တည်း ဆိုသလို ဖြစ်ပျက် မြင်စိတ်ကိုပါ ဖြစ်ပျက်

ရှုရမည်ဖြစ်သည်။ ထို့ပြင် ယုံမှားခြင်းကင်းသည် အထိ ရှုရပေမည်။ ဝိစိကိစ္ဆာဟူသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတာ ဟုတ်မှ ဟုတ်ပါလေ၏လော။ ဘုရား၊ တရား၊ သံဃာ ဆိုတာ ဟုတ်မှ ဟုတ်ပါ လေ၏လော။ မှန်သောအယူမှ ဟုတ်မှ ဟုတ်ပါ လေ၏လော စသဖြင့် ယုံမှားနေခြင်းမျိုး ဖြစ် သည်။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ ဆွမ်းခံ လှည့်တော်မူသောအခါ သုရမ္ဗဋ္ဌမည်သော ဒါယ ကာ အိမ်သို့ ရောက်၍ နာမ် ရုပ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာ၊ ဒုက္ခသစ္စာကို ဟောပြ သဖြင့် သုရမ္ဗဋ္ဌ ဒါယကာအား အဆိုပါဒိဋ္ဌိကင်း ရှင်းစေ၍ ကြွသွားတော်မူသည်။

တစ်ဖန် သုရမ္ဗဋ္ဌရှေ့ ဘုရားပုံပေါ်လာပြီး သုရမ္ဗဋ္ဌ ဟု ခေါ်ဆိုကာ ငါဘုရားသည် သတိ လွတ်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု ဟောမိသည်။ နိစ္စ၊ သုခ၊ အတ္တ ဟု မှတ်လော့ဟု ဆိုသည်။ သုမ္ဗဋ္ဌဒါယကာက ဘုရားတို့သည်သတိလွတ်ကင်း

သည်ဟူ၍ မရှိ။ ရုပ်နာမ် သင်္ခါရ ဟူသမျှ နိစ္စ၊ သုခ၊ အတ္တ ဟူ၍ မရှိဟု ဉာဏ်ဖြင့်ဆုံးဖြတ်ကာ ကိုယ်တော် ဘယ်သူတုန်းဟုမေးသော် ငါမာရ်နတ်ဟု ဆိုကာ ကွယ်ပျောက်သွား။

ဤသို့ အတ္တဒိဋ္ဌိကင်းသောသူတို့သည် ဉာဏ်မျက်စိဖြင့် ဘုရားကို သိမြင်သည်။ တရားကို သိမြင်သည်။ သံဃာကို သိမြင်သည်။ တေဘုမ္မိက ဟူသမျှ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ချည်းသာတည်းဟု ဆုံးဖြတ် သိမြင်၍ တလင်းထဲလင်း၊ တရှင်းထဲရှင်းသည်။ ဝိစိကိစ္ဆာ ကင်းသည်။

## အာယတနရှုကွက်

ကင်္ခါဝိတရဏာဝိသုဒ္ဓိ (ရုပ် နာမ်အကြောင်းအကျိုးဆက်ကို သိခြင်း) ကဏ္ဍတွင် အတွင်းအာယတန (၆)ပါး၊ အပြင်အာယတန (၆)ပါးအကြောင်းကို ကြောင်းကျိုးဆက်နှင့်တကွ အပြင်ညွှတ်သည်စိတ်၊ အတွင်းညွှတ်သည်စိတ်တို့ကို ဖော်ပြခဲ့ပြီး ဖြစ်သည်။

မျက်စိအကြည်ရုပ်နှင့် အဆင်းရုပ် ထိတွေ့၍ မြင်သိစိတ် ပေါ်သည်။ ယင်းမြင်သိစိတ်သည် ယခင်ကထဲက ပေါ်ခြင်းမဟုတ်။ ယခင်ကထဲက ရှိနေခြင်းလည်းမဟုတ်။ မျက်စိနှင့် အဆင်း မြင်တွေ့သောအခါ ရောက်မှ မြင်သိစိတ်ပေါ်ခြင်းဖြစ်သည်။ ထိုသို့ပေါ်ပြီးနောက် ပျောက်သွားသည်။ အပြင်ဧည့်သည်စိတ် ပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ အတွင်းဧည့်သည်စိတ် ပေါ်လာလိုက်၊ ပျောက်သွားလိုက် ဖြစ်ပြီး ပျက်သွားလိုက်။

နားအကြည်ရုပ်နှင့် အသံရုပ် ထိတွေ့၍ ကြားသိစိတ် ပေါ်သည်။ ၎င်းမှာလည်း အထက်နည်းအတိုင်း ဖြစ်သည်။

နှာခေါင်းအကြည်ရုပ်နှင့် အနံ့ရုပ်၊ လျှာအကြည်ရုပ်နှင့် အရသာရုပ်၊ ခန္ဓာကိုယ်အကြည်ရုပ်နှင့် ထိတွေ့စရာရုပ်၊ စိတ်နှင့် အတွေးအကြံတို့သည်လည်း အထက်နည်းအတိုင်းပင် ဖြစ်သည်။

ပေါ်လာပြီး ပျောက်သွားလိုက်၊ အပြင်ဧည့်သည်စိတ် ပေါ်လာပြီး ပျောက်သွားလိုက်၊ အတွင်း

ညွှဲ့သည်စိတ်ပေါ်လာပြီး ပျောက်သွားလိုက်၊ ဖြစ်ပြီး ပျက်သွားလိုက်။ ယင်းတို့ကို ဉာဏ်မျက်စိဖြင့် ဖြစ်ပျက်ကို မြင်အောင်ရှုရသည်။ တစ်ဆက်တည်းမှာပင် ဖြစ်ပျက်မြင်သော စိတ်ကိုလည်း ဖြစ်ပျက်ရှုရသည်။ ပျက်သွားတာကိုသိလျှင် သဿတဒိဋ္ဌိစင်သည်။ တစ်ခန္ဓာ အစားထိုးပေါ်လာတာသိလျှင် ဥစ္ဆေဒဒိဋ္ဌိစင်သည်။ ပေါ်လာသော တရားတို့သည် ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်ဟု သိပြီး ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းလျှင် သက္ကာယဒိဋ္ဌိစင်သည်။

## ပဋိစ္စသမုပ္ပါဒ်ရှုကွက်

ခန္ဓာတွင် အကြောင်းနှင့်အကျိုး တစ်မျိုးပြီး တစ်မျိုး အစဉ်မပြတ် ဖြစ်ပေါ်၍နေသည်။ ယင်းကို ပဋိစ္စသမုပ္ပါဒ်ဟု ခေါ်သည်။

သိရမည်ကို မသိခြင်း၊ မသိရမည်ကို သိခြင်း၊ တစ်နည်းအားဖြင့် အရှိနှင့် အဖြစ်ကို အမှန်အတိုင်း မသိခြင်းကို အဝိဇ္ဇာဟု ခေါ်သည်။ အရှိနှင့်အဖြစ်ကို အမှန်အတိုင်း မသိသည့်အတွက် ပြုမိပြုရာ

ပြုလုပ်ကြသည်။ ပြုမိပြုရာ (ပြုပြင်မှု၊ အားထုတ်မှု၊ စေ့ဆော်မှု) အပြုအမူသည် သင်္ခါရပင် ဖြစ်သည်။ ကောင်းကောင်းဆိုးဆိုး၊ အမျိုးမျိုး ပြုမိပြုရာပြုသည့် သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်။ ဝိညာဏ်ဖြစ်သည်နှင့် တစ်ပြိုင်နက်ထဲ ရုပ်တရား နာမ်တရားများ ဖြစ်ပေါ်ရသည်။ ရုပ်နာမ်ဖြစ်သောအခါ သံသရာချဲ့တတ်သည့် အာယတန (၆) ပါး သင့်သလိုဖြစ်လာရသည်။ အာယတနကြောင့် အာရုံ အာရမ္မဏိက တိုက်ခိုက်မှု၊ တွေ့ထိမှု ဆိုသည့် ဖဿထိုက်သလို ဖြစ်လာသည်။ ဖဿကြောင့်ခံစားမှုသဘော ဝေဒနာများ ထိုက်သလိုဖြစ်ရပြန်သည်။ ဝေဒနာကြောင့် တဏှာဆိုသည့် တပ်မက်ခြင်း၊ နှစ်သက်ခြင်း ဖြစ်ရသည်။ တပ်မက်မှုတဏှာကြောင့် ဥပါဒါန်တရားများ ထိုက်သလိုဖြစ်သည်။ ဥပါဒါန်ဖြစ်သည်နှင့် ဘဝဆိုသည့် ကံဖြစ်သည်။ ကံဖြစ်လျှင် ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒေါမနဿ၊ ဥပါယာသ ဆိုသည်များ ဆက်တိုက် ဆင့်ကဲဆင့်ကဲ ဖြစ်တော့သည်။

ပဋိစ္စသမုပ္ပါဒ်တွင် (အကြောင်းအုပ်စု) အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကမ္မဘဝနှင့် (အကျိုးအုပ်စု) ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဟူ၍ ရှိသည်။

အဝိဇ္ဇာနှင့် တဏှာ အစပ်နှစ်ပါးသည် ဒုက္ခ၏ အကြောင်းရင်းများဖြစ်သည်။ ယင်းအစပ်နှစ်ပါးကြောင့် ပဋိစ္စသမုပ္ပါဒ် သံသရာလည်ခြင်းဖြစ်သည်။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ် သံသရာအလည် ရပ်တန့်သွားစေရေးအတွက် ဝေဒနာဖြစ်တိုင်းဖြစ်တိုင်း ဝေဒနာတဏှာ မကူးဖို့လိုသည်။

ထို့ကြောင့် ဝေဒနာ ပေါ်တိုင်း ပေါ်တိုင်း ဝေဒနာကို ဖြစ်ပျက် ရှုရသည်။ ဉာဏ်မျက်စိဖြင့် ဝေဒနာကို ရှုသောအခါ ဝေဒနာကို မတွေ့ရတော့ပေ။ ဝေဒနာများ ပျက်ပျက်နေသည်ကိုသာ တွေ့ရသည်။ ဝေဒနာများ ပျက်ပျက်ကုန်သည် ဖြစ်သောကြောင့် ဝေဒနာချုပ်သည်။ ဝေဒနာချုပ်ခြင်းသည် နိရောဓပင် ဖြစ်သည်။ ဝေဒနာနိရောဓဟု ဆိုသည်။ ဝေဒနာချုပ်သည်ကို မဂ်က တွေ့ခြင်း ဖြစ်သည်။

မဂ်ဖြင့် ဝေဒနာကိုကြည့်သော် ဝေဒနာကို မတွေ့ရ တော့ဘဲ နိရောဓဖြစ်ကုန်သည်ကိုသာ တွေ့ရသည်။

အဘယ်ကြောင့်ဆိုသော် ဝေဒနာသည် နာမ် တရား မဂ်ဉာဏ်သည်လည်း နာမ်တရား၊ နာမ် တရားတို့မည်သည် တစ်ချိန်ထဲ နှစ်ခုပြိုင်ဖြစ်ရိုး ထုံးစံ မရှိ။ သို့ဖြစ်ရာ ဝေဒနာပေါ်ခိုက်မှာ ဉာဏ် မပေါ်။ ဝေဒနာချုပ်သွားမှ မဂ်ဉာဏ်ပေါ်သည်။ မဂ်က ဝေဒနာမရှိတာကို တွေ့နေသည်။ ဝေဒနာ အနိစ္စဖြစ်သွားသည်ကို မဂ်က တွေ့နေသည်။

ဝေဒနာချုပ်ခိုက် မဂ်ဉာဏ်ဝင်နေဆဲအချိန် တွင် တဏှာ မလာတော့ပေ။ တဏှာပေါ်ခွင့် မရသည့်အတွက် တဏှာနိရောဓ ဖြစ်သွားခြင်း ဖြစ်သည်။ တဏှာချုပ်သည်ဆိုခြင်းသည် မဂ်ပေါ် နေသောကြောင့် ဖြစ်သည်။

တဏှာလာမည့်နေရာတွင် မဂ်ကလာရောက် နေနှင့်သည်။ သို့ဖြစ်ရာ တဏှာနိရောဓနှင့် မဂ် ပေါ်ခြင်း ညီမျှသည်ဖြစ်၍ တဏှာနိရောဓောတိ မဂ္ဂေါဟု ဆိုခြင်းဖြစ်သည်။

ဝိပဿနာမရှိလျှင် ဝေဒနာပစ္စယာ တဏှာ ဖြစ်သည်။

ဝိပဿနာရှိလျှင် ဝေဒနာနိရောဓာ တဏှာ နိရောဓော ဖြစ်သည်။

တဏှာချုပ်သည့်အတွက် ဥပါဒါန်ချုပ်သည်။ ကံချုပ်သည်။ ဇာတိချုပ်သည်။ ဇရာ၊ မရဏအကုန် ချုပ်သည်။

တဏှာ ဥပါဒါန်တည်းဟူသော ကိလေသာဝဋ် ပြတ်သည်။ ကံလည်း မလာတော့သောကြောင့် ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကမ္မဝဋ် ပြတ်သည်။ ကမ္မဝဋ်ပြတ်သည့်အတွက် နောင်ဘဝပဋိသန္ဓေတည်း ဟူသော ဝိပါကဝဋ်လည်း ပြတ်တော့သည်သာတည်း။

## သစ္စာလေးပါးရှုကွက်

မြင်ဆဲခဏ မြင်သည်ဟု မသိသဖြင့် မမှတ်သောကြောင့် မသိသောသဘောသည် တပ်မက်သော သဘောနှင့် တွဲ၍ စပ်၍ နေသည်။

ကြားဆဲခဏ ကြားသည်ဟုမသိသဖြင့်မမှတ်သောကြောင့် မသိသောသဘောသည် တပ်မက်သော သဘောနှင့် တွဲ၍ စပ်၍ နေသည်။

နံ့ဆဲခဏ နံ့သည်ဟု မသိသဖြင့် မမှတ်သောကြောင့် မသိသောသဘောသည် တပ်မက်သောသဘောနှင့် တွဲ၍ စပ်၍ နေသည်။

စားဆဲခဏ စားသည်ဟု မသိသဖြင့် မမှတ်သောကြောင့် မသိသောသဘောသည် တပ်မက်သော သဘောနှင့် တွဲ၍ စပ်၍ နေသည်။

ထိဆဲခဏ ထိသည်ဟု မသိသဖြင့် မမှတ်သောကြောင့် မသိသောသဘောသည် တပ်မက်သော သဘောနှင့် တွဲ၍ စပ်၍ နေသည်။

သိဆဲခဏ သိသည်ဟု မသိသဖြင့် မမှတ်သောကြောင့် မသိသောသဘောသည် တပ်မက်သော သဘောနှင့် တွဲ၍ စပ်၍ နေသည်။

မျက်စိဖြင့် မြင်ရာ၌ မသိသော သဘောကြောင့် တပ်မက်သည်။ မသိကို 'အဝိဇ္ဇာ'ဟုဆိုသည်။ တပ်မက်ကို 'တဏှာ'ဟုဆိုသည်။ ထိုအဝိဇ္ဇာ

၏ တရားရင်းကား 'မောဟ' ဖြစ်သည်။ မောဟကို သစ္စာအားဖြင့် အဘိဓမ္မာအလို 'ဒုက္ခသစ္စာ'ဟု ဆိုသည်။ တဏှာ၏ တရားရင်းကား 'လောဘ' ဖြစ်သည်။ လောဘကို သစ္စာအားဖြင့် အဘိဓမ္မာအလို 'သမုဒယသစ္စာ' ဟု ဆိုသည်။

နှားဖြင့်ကြားရာ၌ မသိသောကြောင့်တပ်မက်သည်။ မသိကို 'အဝိဇ္ဇာ' ဟု ဆိုသည်။ တပ်မက်ကို 'တဏှာ'ဟု ဆိုသည်။ အဝိဇ္ဇာ၏ တရားရင်းကား 'မောဟ' ဖြစ်သည်။ မောဟကို သစ္စာအားဖြင့် အဘိဓမ္မာအလို 'ဒုက္ခသစ္စာ' ဆိုသည်။ တဏှာ၏ တရားရင်းကား 'လောဘ' ဖြစ်သည်။ လောဘကို သစ္စာအားဖြင့် 'သမုဒယသစ္စာ'ဟု ဆိုသည်။

နှာခေါင်းဖြင့် နံရာ၌ မသိသောသဘောကြောင့် တပ်မက်သည်။ မသိကို 'အဝိဇ္ဇာ'ဟုဆိုသည်။ တပ်မက်ကို 'တဏှာ' ဟု ဆိုသည်။ ထိုအဝိဇ္ဇာ၏ တရားရင်းကား 'မောဟ'ဖြစ်သည်။ ထိုမောဟကို သစ္စာအားဖြင့် အဘိဓမ္မာအလို 'ဒုက္ခသစ္စာ'ဟု ဆိုသည်။ ထိုတဏှာ၏တရားရင်း

ကား 'လောဘ' ဖြစ်သည်။ ထိုလောဘကို သစ္စာအားဖြင့် 'သမုဒယသစ္စာ' ဟု ဆိုသည်။

လျှာဖြင့် စားရာ၌ မသိသောကြောင့် တပ်မက်သည်။ မသိကို 'အဝိဇ္ဇာ' ဟု ဆိုသည်။ တပ်မက်ကို 'တဏှာ' ဟု ဆိုသည်။ ထိုအဝိဇ္ဇာ၏ တရားရင်းကား 'မောဟ' ဖြစ်သည်။ ထို'မောဟ' ကို သစ္စာအားဖြင့် အဘိဓမ္မာအလို 'ဒုက္ခသစ္စာ' ဟု ဆိုသည်။ ထိုတဏှာ၏ တရားရင်းကား 'လောဘ' ဖြစ်သည်။ ထိုလောဘကို သစ္စာအားဖြင့် 'သမုဒယသစ္စာ' ဟု ဆိုသည်။

ကိုယ်ဖြင့်ထိတွေ့ရာ၌ မသိသောကြောင့် တပ်မက်သည်။ မသိကို 'အဝိဇ္ဇာ' ဟု ဆိုသည်။ တပ်မက်ကို 'တဏှာ' ဟု ဆိုသည်။ ထိုအဝိဇ္ဇာ၏ တရားရင်းကား 'မောဟ' ဖြစ်သည်။ ထိုမောဟကို သစ္စာအားဖြင့် အဘိဓမ္မာအလို 'ဒုက္ခသစ္စာ' ဟု ဆိုသည်။ ထိုတဏှာ၏ တရားရင်းကား 'လောဘ' ဖြစ်သည်။ ထိုလောဘကို သစ္စာအားဖြင့် 'သမုဒယသစ္စာ' ဟု ဆိုသည်။

စိတ်ဖြင့်သိရာ၌ မသိသောကြောင့် တပ်မက်သည်။ မသိကို 'အဝိဇ္ဇာ' ဟုဆိုသည်။ တပ်မက်ကို 'တဏှာ' ဟု ဆိုသည်။ ထိုအဝိဇ္ဇာ၏ တရားရင်းကား 'မောဟ' ဖြစ်သည်။ ထိုမောဟကို သစ္စာအားဖြင့် အဘိဓမ္မာအလို 'ဒုက္ခသစ္စာ' ဟုဆိုသည်။ ထိုတဏှာ၏ တရားရင်းကား 'လောဘ'ဖြစ်သည်။ ထိုလောဘကို သစ္စာအားဖြင့် အဘိဓမ္မာအလို 'သမုဒယသစ္စာ' ဟု ဆိုသည်။

မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ သိမှုဟု ဆိုအပ်သော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့၌ မမှတ်သော သတ္တဝါတို့သည် မမှတ်သဖြင့် တပ်မက်သော အဖော်တဏှာနှင့် ပူး၍တွဲ၍ နေသည်၏အဖြစ်ကြောင့် အဖော်တဏှာရှိသော သတ္တဝါဟု ဆိုရသည်။ ဤသတ္တဝါသည် ရှည်မြင့်စွာသော ကာလပတ်လုံး သံသရာ၌ တပြောင်းပြန်ပြန် ကျင်လည်ပြေးလွှားလျက် အမျိုးမျိုးသော ဘဝဟု ဆိုအပ်သော သံသရာဝဋ်က မလွတ်နိုင်ဘဲ ရှိသည်။

မြင်သောခဏ၌ မြင်သည်ဟု သိမှတ်သော သူသည် မှတ်သောကြောင့် သိသည်။ သိသဖြင့် မသိမှု မဖြစ်။ မသိမှုမဖြစ်သဖြင့် တပ်မက်မှုနှင့် မစပ်။ မစပ်သောကြောင့် တဏှာချုပ်သည်။

ကြားသောခဏ ကြားသည်ဟု သိမှတ်သော သူသည် မှတ်သောကြောင့် သိသည်။ သိသဖြင့် မသိမှု မဖြစ်။ မသိမှုမဖြစ်သဖြင့် တပ်မက်မှုနှင့် မစပ်။ မစပ်သောကြောင့် တဏှာချုပ်သည်။

နံ့သောခဏ နံ့သည်ဟု သိမှတ်သော သူသည် မှတ်သောကြောင့် သိသည်။ သိသဖြင့် မသိမှု မဖြစ်။ မသိမှုမဖြစ်သဖြင့် တပ်မက်မှုနှင့် မစပ်။ မစပ်သောကြောင့် တဏှာချုပ်သည်။

စားသောခဏ စားသည်ဟု မှတ်သောသူသည် မှတ်သောကြောင့် သိသည်။ သိသဖြင့် မသိမှု မဖြစ်။ မသိမှုမဖြစ်သဖြင့် တပ်မက်မှုနှင့် မစပ်။ မစပ်သောကြောင့် တဏှာချုပ်သည်။

ထိသောခဏ ထိသည်ဟု မှတ်သောသူသည် မှတ်သောကြောင့် သိသည်။ သိသဖြင့် မသိမှု

မဖြစ်။ မသိမှုမဖြစ်သဖြင့် တပ်မက်မှုနှင့် မစပ်။ မစပ်သောကြောင့် တဏှာချုပ်သည်။

မျက်စိဖြင့်မြင်ခိုက် မြင်သည်ဟု သိမှတ်သဖြင့် သိနေသောကြောင့် မဖြစ်သေးသော တပ်မက်မှု 'တဏှာ' မဖြစ်ဘဲ ချုပ်ရာအမှန်ဖြစ်သည်။ 'မဖြစ်ဘဲ' ဆိုသော စကားကို 'အနုပါဒ' ဆိုသည်။ ချုပ်ရာကို 'နိရောဓ' ဆိုသည်။ အမှန်ကို 'သစ္စာ' ဆိုသည်။ ထိုကြောင့် 'အနုပ္ပါဒနိရောဓသစ္စာ' ဟု ဆိုသည်။

နားဖြင့်ကြားခိုက် ကြားသည်ဟု သိမှတ်သဖြင့် သိနေသောကြောင့် မဖြစ်သေးသော တပ်မက်မှု 'တဏှာ' မပြစ်ဘဲ ချုပ်ရာအမှန်ဖြစ်သည်။ 'မဖြစ်ဘဲ' ဆိုသော စကားကို 'အနုပ္ပါဒ' ဆိုသည်။ ချုပ်ရာကို 'နိရောဓ' ဆိုသည်။ အမှန်ကို 'သစ္စာ' ဆိုသည်။ ထို့ကြောင့် 'အနုပ္ပါဒ နိရောဓသစ္စာ' ဟု ဆိုသည်။

ဤသို့ဖြင့် လျှာဖြင့် စားခိုက်၊ ကိုယ်ဖြင့် ထိခိုက်၊ စိတ်ဖြင့် သိခိုက် စားသည်၊ ထိသည်၊

သိသည်ဟု သိမှတ်သဖြင့် သိနေသောကြောင့် မဖြစ်သေးသော တပ်မက်မှု 'တဏှာ' မဖြစ်ဘဲ ချုပ်ရာအမှန် ဖြစ်သည်။ 'မဖြစ်ဘဲ' ဆိုသော စကားကို 'အနုပ္ပါဒ'ဆိုသည်။ ချုပ်ရာကို 'နိရောဓ' ဆိုသည်။ အမှန်ကို 'သစ္စာ' ဆိုသည်။ ထို့ကြောင့် 'အနုပ္ပါဒနိရောဓသစ္စာ' ဟု ဆိုသည်။

# အခန်း ၈

## ဝိပဿနာဉာဏ်စဉ်များနှင့် သစ္စာလေးပါး

တီရဏပရိညာဏ်အဆင့်တွင် ဝိပဿနာဉာဏ်စဉ် (၁၀) ပါး ရှိသည့်အနက် ပထမနှစ်ပါးဖြစ်သော အောက်ပါ ဉာဏ်စဉ်များပေါ်သည်။

၁။ သမ္မသနဉာဏ် – (ရုပ် နာမ်တို့ အပေါ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု သုံးသပ်သောဉာဏ်)

၂။ ဥဒယဗ္ဗယဉာဏ် – (ရုပ် နာမ်တို့ အပေါ်၌ ဖြစ်ပျက်ကို သိသောဉာဏ်)

ပဟာနပရိညာဏ်အဆင့်တွင် အောက်ပါ ဉာဏ်စဉ်များ ပေါ်သည်။

၃။ ဘင်္ဂဉာဏ် – (ရုပ် နာမ်တို့ အပေါ်၌ အပျက်ကိုသိသော ဉာဏ်)

၄။ ဘယဉာဏ်–(ရုပ်နာမ်တို့အပေါ်၌ ကြောက်စရာ ဘေးဟု မြင်သောဉာဏ်)

၅။ အာဒီနဝဉာဏ် – (ရုပ် နာမ်တို့ အပေါ်၌ အပြစ်မြင်သောဉာဏ်)

၆။ နိဗ္ဗိဒါဉာဏ် – (ရုပ် နာမ်တို့ အပေါ်၌ ငြီးငွေ့ဘွယ်ရာ မြင်သောဉာဏ်)

၇။ မုစ္စိတုကမျတာဉာဏ် – (ရုပ် နာမ် တို့၏ လွတ်မြောက်လိုသောဉာဏ်)

၈။ ပဋိသင်္ခါဉာဏ် – (ရုပ်နာမ်တို့ အပေါ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ထပ်မံရှုသောဉာဏ်)

၉။ သင်္ခါရုပေက္ခာဉာဏ် – (ရုပ်နာမ်တို့အပေါ်၌ လျစ်လျူရှုသောဉာဏ်)

၁၀။ အနုလောမဉာဏ် – (ရှေးဝိပဿနာများနှင့် နောက် ဗောဓိပက္ခိယတရားများ အားလျော်သောဉာဏ်)

**သစ္စာလေးပါး**

ဒုက္ခသစ္စာ – ခန္ဓာငါးပါးသည် ဆင်းရဲခြင်းသာတည်း။ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊

သေခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာနှလုံးမသာမယာခြင်းတို့သည် ဒုက္ခသစ္စာမည်၏။

သမုဒယသစ္စာ – ခန္ဓာကိုယ်ကို တွယ်တာမှုသည် ဆင်းရဲကြောင်း သမုဒယသစ္စာမည်၏။

နိရောဓသစ္စာ – တဏှာချုပ်ငြိမ်းမှုသည် ဆင်းရဲငြိမ်းမှု နိရောဓသစ္စာ မည်၏။

မဂ္ဂသစ္စာ – ဆင်းရဲငြိမ်းကြောင်းဖြစ်သော မဂ်ဉာဏ်သည် မဂ္ဂသစ္စာမည်၏။

ဝိပဿနာတရား ပွားများအားထုတ်ရာတွင် ဉာဏ်စဉ်အလိုက် သစ္စာလေးပါးကို ပိုင်းခြား၍ သိမြင်ပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

## ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း

ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းကိစ္စသည်

၁။ သမ္မသနဉာဏ်

၂။ ဥဒယဗ္ဗယဉာဏ်

၃။ ဘင်ဉာဏ် အုပ်စု၏ ပဓာနလုပ်ငန်းဖြစ်သည်။

ဖော်ပြပါ ဉာဏ်သုံးမျိုးတို့သည် ရုပ်နာမ် သင်္ခါရတရားများအပေါ်၌ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့ကို မိမိတို့၏ ဉာဏ်အနုအရင့်အလိုက် ပေါ်လွင်လာရန် ရှုမှတ်ရသည်။ ဤသို့ ရှုမှတ်ရခြင်းသည် သင်္ခါရတရားတို့၏ ဒုက္ခသစ္စာကို ဖော်ထုတ်ခြင်းဖြစ်သည်။

## သမုဒယသစ္စာကို ပယ်စွန့်ခြင်း

သမုဒယသစ္စာကို ပယ်စွန့်ခြင်းကိစ္စသည်

၄။ ဘယဉာဏ်

၅။ အာဒီနဝဉာဏ်

၆။ နိဗ္ဗိဒါဉာဏ် အုပ်စု၏ ပဓာနလုပ်ငန်းဖြစ်သည်။

ဖော်ပြပါ ဉာဏ်သုံးမျိုးတို့သည် ရုပ် နာမ် သင်္ခါရတရားများအပေါ်၌ တပ်မက်ခြင်းကင်းအောင် ကြိုးပမ်းသည်။ ဤသို့ ကြိုးပမ်းခြင်းမှာ သမုဒယသစ္စာကို ပယ်စွန့်ခြင်းဖြစ်သည်။ တစ်နည်းဆိုသော် နိမိတ္တအစွန်းနှင့် ပဝတ္တအစွန်းမှ ထမြောက်ရန် ရှုခြင်းဖြစ်သည်။

ရှုမှတ်စရာ အာရုံတရားများ၏ ဖြစ်ပျက်ကို ရှုခြင်းသည် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိရန်နှင့် နိမိတ္တမှ ထမြောက်ရန် ဖြစ်သည်။ အာရုံသင်္ခါရ တရားများ၏ ဖြစ်ပျက်ကို မှတ်သိနေသော အာရမ္မဏိက သင်္ခါရတရားများ၏ ဖြစ်ပျက်ကိုပါ ဆင့်၍ ဆင့်၍ ရှုမှတ်ခြင်းသည် သမုဒယသစ္စာကို ပယ် စွန့်ရန်နှင့် ပဝတ္တမှ ထမြောက်ရန်ဖြစ်သည်။

## မဂ္ဂသစ္စာကို ပွားများခြင်း

မဂ္ဂသစ္စာကိုပွားများခြင်းသည်

၇။ မုစ္စိတုကမျတာဉာဏ်

၈။ ပဋိသင်္ခါဉာဏ်

၉။ သင်္ခါရုပေက္ခာဉာဏ်

အုပ်စု၏ ပဓာနလုပ်ငန်း ဖြစ်သည်။

ဉာဏ်စဉ်များအလိုက် အာရုံသင်္ခါရတရား များနှင့် အာရမ္မဏိကသင်္ခါရတရားများ၏ အနိစ္စ သဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့ကို ရှုမှတ်ရင်း နိမိတ္တမှ ထမြောက်ရန်လည်း ကြိုးပမ်း သည်။ ပဝတ္တမှထမြောက်ရန်လည်း ကြိုးစားသည်။

ဤသို့ဖြင့် ဒုက္ခသစ္စာကို ပိုင်းခြား၍သိရန် အားထုတ်ရသည်။ သမုဒယသစ္စာကို ပယ်စွန့်ရန် အားထုတ်ရသည်။ ဝိပဿနာလုပ်ငန်းတွင် သစ္စာဆိုင်ရာများကို စုပေါင်းအားထုတ်သော် ဝိမုတ္တိရသ ရသည်။ ဝိမုတ္တိရသ ပေါ်လာရန် သီလ၊ သမာဓိ၊ ပညာတို့ကို ပွားများအပ်သည်။ ထိုသို့ ပွားများသည်နှင့်အမျှ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း၊ သမုဒယသစ္စာကို ပယ်စွန့်ခြင်းများ ပို၍ ထင်ရှားလာသည်။

မဇ္ဈိမပဋိပဒါအရ နိမိတ္တနှင့်ပဝတ္တမှထမြောက်ရာ၌ တစ်ပြိုင်ထဲ မဟုတ်သော်လည်း ရှေ့ဆင့်နောက်ဆင့်အနေဖြင့် ထမြောက်လာသည်။

## နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း

နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းသည် ၁၀။ အနုလောမဉာဏ်၏ ပဓာနလုပ်ငန်း ဖြစ်သည်။

ယင်းဉာဏ်သည် သင်္ခါရတရားတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာများကိုတစ်ဖက်ကရှုရင်း၊

အခြားတစ်ဖက်က သင်္ခါရတရားတို့၏ ငြိမ်းရာ နိဗ္ဗာန်ကို ရှာဖွေနေသဖြင့် လောကီ၊ လောကုတ္တရာ နှစ်မျိုးလုံးနှင့် လိုက်လျောညီထွေ ရှိသည်။ နိမိတ္တနှင့် ပဝတ္တ တစ်ပြိုင်နက်တည်း ထမြောက် အောင်မြင် တော့မည်ဖြစ်သည်။ ဒုက္ခ သစ္စာကို ပိုင်းခြား၍ သိခြင်းကိစ္စနှင့် သမုဒယကို ပယ်စွန့်ခြင်းကိစ္စတို့ တစ်သားတည်း ပေါင်းစပ်သွားတော့မည် ဖြစ် သည်။

ဤသို့ ပေါင်းစပ်နိုင်ရေးအတွက် မဂ္ဂသစ္စာကို ပွားများခြင်းကိစ္စသည် တဖြည်းဖြည်းလုံလောက် ပြည့်စုံလာသည်။ နိရောဓသစ္စာကို မျက်မှောက် ပြုရန် အစပျိုးသည်။

ဒွါရခြောက်ပါးတို့၌ ပစ္စုပ္ပန်ကျကျထင်လာ သော ရုပ်နာမ် သင်္ခါရတရားများအပေါ် ပရိဇာန နကိစ္စ (နိမိတ္တဝုဋ္ဌာန) နှင့် ပဟာနကိစ္စ (ပဝတ္တဝု ဋ္ဌာန) တို့ တစ်ပြိုင်နက်ဖြစ်ရေးအတွက် ဘာဝနာ ကိစ္စ (မဇ္ဈိမပဋိပဒါ) သည် တဖြည်းဖြည်း ပွားရင်း ပွားရင်း သစ္ဆိကရဏကိစ္စသို့ နောက်ဆုံး ပြောင်းလဲ

ရောက်ရှိသွားသည်။ ထိုသို့ ပြောင်းလဲရောက်ရှိသွားသည်နှင့် တစ်ပြိုင်နက် တစ်ခုသော ဝိမုတ္တိရသ တန်းခနဲ၊ စိုက်ခနဲ ပေါ်ထွက်ကာ လောကုတ္တရာ ဖြစ်လေသည်။

လောကအခြေအနေမှ လောကုတ္တရာအခြေအနေသို့ ပြောင်းသွားသည်။ မဂ်သို့ ရောက်သည်။ မဂ် ဉာဏ်ဟူသည် လောကီဘက်၌ သိစရာကုန်၍ အသိကိစ္စ အပြီးသတ်သည်။ မဂ်ဖြင့် နိဗ္ဗာန်ကို မြင်သည်။ သောတာပန်အဆင့်သို့ ရောက်သည်။ ပုဂ္ဂိုလ်အားဖြင့် အရိယာဖြစ်လာသည်။

အစွန်းနှစ်ပါးမှ လွတ်မြောက်သည့် မဇ္ဈိမပဋိပဒါ ဖြစ်သည်။ သတိပဋ္ဌာန်တရား၏ နောက်ဆုံးအဆင့်ဖြစ်သော သတိပဋ္ဌာနဂါမိနီပဋိပဒါ (သင်္ခါရတရားတို့ ဖြစ်သော ဖြစ်ခြင်း ပျက်ခြင်းကင်းဆိတ်ရာသို့ရောက်ခြင်း) အပိုင်းဖြစ်သည်။

သမာဓိဉာဏ်မျက်စိဖြင့် ရှုရာတွင် ရုပ်နှင့် နာမ်၊ ခန္ဓာငါးပါးကိုသာ မြင်သည်။

ဝိပဿနာဉာဏ်မျက်စိဖြင့်ရှုရာတွင် ခန္ဓာငါးပါး၏ ဖြစ်ခြင်း ပျက်ခြင်းကို မြင်သည်။

မဂ်ဉာဏ်မျက်စိဖြင့် ရှုရာတွင် ဖြစ်ပျက်တို့၏ ကုန်ဆုံးရာကို မြင်တော့သည်။

သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး အလုံးစုံသော သုံးဆယ့်ခုနစ်ပါး ဖြစ်သည့် ဗောဓိပက္ခိယတရားတို့သည်လည်း ပြီးပြည့်စုံလေကုန်၏။

ဖိုဉာဏ် ဟူသည် မဂ်၏ ကိစ္စအပြီးသတ်စေသောဉာဏ် ဖြစ်သည်။

သောတာပန်ပုဂ္ဂိုလ်သည် အပါယ် သံသရာမှ ကျွတ်လွတ်သည်။ သို့သော် သုဂတိသံသရာမှ မကျွတ်မလွတ်ဘဲရှိသေးသည်။ အချို့သောတာပန်များ တစ်ကြိမ် ပဋိသန္ဓေနေပြီး ကျွတ်လွတ်သည်။ အချို့ နှစ်ကြိမ်၊ သုံးကြိမ်မှ ခုနစ်ကြိမ်အထိ ပဋိသန္ဓေနေပြီး ကျွတ်လွတ်သည်။ ရှစ်ကြိမ်အထိ ပဋိသန္ဓေနေသည် ဟူ၍ မရှိပေ။

သကဒါဂါမ်ပုဂ္ဂိုလ်တို့ကား သောတာပန်တို့ထက် အသိဉာဏ်သာသည်။ ကိလေသာပါးသည်။

တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် ပဋိသန္ဓေနေပြီး ကျွတ်လွတ်သည်။

အနာဂါမ်ပုဂ္ဂိုလ်တို့ကား ကာမရာဂနှင့်တကွ ဒေါသ အကြွင်းမဲ့ကင်းစင်၍ ကာမဘုံသံသရာမှ ကျွတ်လွတ်သည်။

အရဟတ္တမဂ်ရ ရဟန္တာတို့ကား ကုသိုလ် အကုသိုလ် ကုန်ခမ်းကင်းစင်၍ သုံးဆယ့်တစ်ဘုံ သံသရာမှ ကျွတ်လွတ်သည်။

မဂ်ကိစ္စပြီးသည့်နောက် စုတိမဖြစ်မီ ခန္ဓာ အကြွင်းရှိသေးသောကြောင့် သဉပါဒိသေသနိဗ္ဗာန် ဟုလည်းကောင်း၊ စုတိပြီးနောက် ခန္ဓာအကြွင်း မရှိသောကြောင့် အနုပါဒိသေသနိဗ္ဗာန်ဟုလည်း ကောင်း၊ ခန္ဓာကို အစွဲပြု၍ အမည်နှစ်ပါးဖြင့် ခေါ်သော်လည်း စင်စစ် နိဗ္ဗာန်သည် တစ်ပါးတည်း သာတည်း။

ယင်းသည် ငြိမ်းအေးသော ချမ်းသာသုခ၏ အထွတ်တည်း။

# အခန်း ၉

## မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ဝိမုတ္တိဉာဏ်

### သောတာပတ္တိမဂ်ဉာဏ်

သောတာပတ္တိမဂ်ခဏာဥ်မြင်သောအနက်ကြောင့် အယူမှန်သော သမ္မာဒိဋ္ဌိသည် အယူမှားသောမိစ္ဆာဒိဋ္ဌိမှ နိုးထ၏။ ထိုမိစ္ဆာဒိဋ္ဌိသို့ အစဉ်လိုက်၍ဖြစ်ကုန်သော ကိလေသာတို့မှလည်း နိုးထ၏။ ခန္ဓာတို့မှလည်း နိုးထ၏။ ဗဟိဒ္ဓိအာရုံ အလုံးစုံတို့မှလည်း နိုးထ၏။ ထို့ကြောင့် စိတ်၏ အတွင်း ကိလေသာ အဇ္ဈတ္တ၊ စိတ်မှအပ သင်္ခါရခယနိမိတ်အာရုံ ဗဟိဒ္ဓ၊ ဤအဇ္ဈတ္တ၊ ဗဟိဒ္ဓနှစ်ပါးစုံမှနိုးထ၍ နောက်တစ်ဖန် အောက်ပြန်မလည်သောပညာကို မဂ်ဉာဏ် ဟူ၍ ဆိုအပ်၏။

ရေးရှုထင်သောအနက်ကြောင့် အမှန်ကြဲသော သမ္မာသင်္ကပ္ပသည် အကြဲမှားသော မိစ္ဆာသင်္ကပ္ပမှ နိုးထ၏။ ထိုမိစ္ဆာသင်္ကပ္ပသို့ အစဉ်လိုက်၍ဖြစ်ကုန်သော ကိလေသာတို့မှလည်း နိုးထ၏။ ခန္ဓာတို့မှလည်း နိုးထ၏။ ဗဟိဒ္ဓအာရုံ အလုံးစုံတို့မှလည်း နိုးထ၏။ ထိုကြောင့် စိတ်၏ အတွင်းကိလေသာ အဇ္ဈတ္တ၊ စိတ်မှအပ သင်္ခါရခယနိမိတ်အာရုံဗဟိဒ္ဓ၊ ဤအဇ္ဈတ္တ ဗဟိဒ္ဓနှစ်ပါးစုံမှ နိုးထ၍နောက်တစ်ဖန် အောက်ပြန် မလည်သော ပညာကိုမဂ်ဉာဏ်ဟူ၍ ဆိုအပ်၏။

နှုတ်၏ သိမ်းဆည်းသော အနက်ကြောင့် သမ္မဝါစာ အမှန်ဆိုသော သမ္မဝါစာသည် ဆိုမှားသော မိစ္ဆာဝါစာမှ နိုးထ၏။ ထိုမိစ္ဆာဝါစာသို့ အစဉ်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း နိုးထ၏။ ခန္ဓာတို့မှလည်း နိုးထ၏။ သင်္ခါရ ခယနိမိတ်အာရုံ အလုံးစုံတို့မှလည်း နိုးထ၏။ ထို့ကြောင့် စိတ်၏ အတွင်းကိလေသာ အဇ္ဈတ္တ၊ စိတ်မှအပ သင်္ခါရခယ နိမိတ်အာရုံ ဗဟိဒ္ဓ၊ ဤ

အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးစုံမှ နိုးထ၍ နောက်တစ်ဖန် အောက်ပြန်မလည်သော ပညာကို မဂ်ဉာဏ်ဟူ၍ ဆိုအပ်၏။

ကိုယ်၏ စောင့်ထိန်းသောအနက်ကြောင့် အပြုမှန်သော သမ္မာကမ္မန္တ သည် ပြုမှားသောမိစ္ဆာကမ္မန္တ မှ နိုးထ၏။ ထိုမိစ္ဆာကမ္မန္တ သို့ အစဉ်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း နိုးထ၏။ ခန္ဓာတို့မှလည်း နိုးထ၏။ သင်္ခါရခယနိမိတ် ဗဟိဒ္ဓအာရုံ အလုံးစုံတို့မှလည်း နိုးထ၏။ ထို့ကြောင့် စိတ်၏ အတွင်းအဇ္ဈတ္တ၊ စိတ်မှအပ သင်္ခါရခယ နိမိတ် ဗဟိဒ္ဓ၊ ဤအဇ္ဈတ္တ၊ ဗဟိဒ္ဓ နှစ်ပါးစုံမှ နိုးထ၍ နောက်တစ်ဖန် အောက်ပြန် မလည်သော ပညာကို မဂ်ဉာဏ်ဟူ၍ ဆိုအပ်၏။

ကိုယ် နှုတ်၏ စင်ကြယ်သော အနက်ကြောင့် အသက်မွေးမှန်သော သမ္မာအာဇီဝသည် အသက်မွေးမှားသော မိစ္ဆာအာဇီဝမှ နိုးထ၏။ ထိုမိစ္ဆာအာဇီဝသို့ အစဉ်လိုက်၍ ဖြစ်ကုန်သောကိလေသာတို့မှလည်း နိုးထ၏။ ခန္ဓာတို့မှလည်း နိုးထ၏။

သင်္ခါရခယ နိမိတ် ဗဟိဒ္ဓအာရုံ အလုံးစုံတို့မှလည်း နိုးထ၏။ ထို့ကြောင့် စိတ်၏ အတွင်းကိလေသာ အဇ္ဈတ္တ၊ စိတ်မှအပ သင်္ခါရခယ နိမိတ်အာရုံ ဗဟိဒ္ဓ၊ ဤအဇ္ဈတ္တ၊ ဗဟိဒ္ဓ နှစ်ပါးစုံမှ နိုးထ၍ နောက်တစ်ဖန် အောက်ပြန်မလည်သောပညာကို မဂ်ဉာဏ် ဟူ၍ ဆိုအပ်၏။

ချီးမြှောက်သောအနက်ကြောင့် အားထုတ်မှန်သော သမ္မာဝါယမသည် အားထုတ်မှားသော မိစ္ဆာဝါယမမှ နိုးထ၏။ ထိုမိစ္ဆာဝါယမသို့ အစဉ်လိုက်၍ဖြစ်ကုန်သော ကိလေသာတို့မှလည်း နိုးထ၏။ ခန္ဓာတို့မှလည်း နိုးထ၏။ သင်္ခါရခယနိမိတ် ဗဟိဒ္ဓအာရုံ အလုံးစုံတို့မှလည်း နိုးထ၏။ ထို့ကြောင့် စိတ်၏ အတွင်းကိလေသာအဇ္ဈတ္တ၊ စိတ်မှ အပ သင်္ခါရခယ နိမိတ်အာရုံဗဟိဒ္ဓ၊ ဤအဇ္ဈတ္တ ဗဟိဒ္ဓနှစ်ပါးစုံမှ နိုးထ၍ နောက်တစ်ဖန်အောက် ပြန်မလည်သောပညာကို မဂ်ဉာဏ်ဟူ၍ဆိုအပ်၏။

ထင်သောအနက်ကြောင့် အမှတ်မှန်သော သမ္မာသတိသည် မှတ်မှားသော မိစ္ဆာသတိမှ နိုးထ

၏။ ထိုမိစ္ဆာသတိသို့ အစဉ်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း နိုးထ၏။ ခန္ဓာတို့မှလည်း နိုးထ၏။ သင်္ခါရ ခယနိမိတ် ဗဟိဒ္ဓအာရုံ အလုံးစုံတို့မှလည်း နိုးထ၏။ ထို့ကြောင့် စိတ်၏ အတွင်းကိလေသာ၊ စိတ်မှအပ သင်္ခါရခယနိမိတ်အာရုံ ဗဟိဒ္ဓ၊ ဤအဇ္ဈတ္တ၊ ဗဟိဒ္ဓ နှစ်ပါးစုံမှ နိုးထ၍ နောက်တစ်ဖန် အောက်ပြန်မလည်သော ပညာကို မဂ်ဉာဏ်ဟူ၍ ဆိုအပ်၏။

မပျံ့လွင့်သောအနက်ကြောင့် အမှန်တည်သော သမ္မာသမာဓိသည် တည်မှားသော မိစ္ဆာသမာဓိမှ နိုးထ၏။ ထိုမိစ္ဆာသမာဓိသို့ အစဉ်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း နိုးထ၏။ ခန္ဓာတို့မှလည်းနိုးထ၏။ သင်္ခါရခယနိမိတ် ဗဟိဒ္ဓအာရုံ အလုံးစုံတို့မှလည်း နိုးထ၏။ ထို့ကြောင့် စိတ်၏ အတွင်းကိလေသာ အဇ္ဈတ္တ၊ စိတ်မှအပ သင်္ခါရခယ နိမိတ်အာရုံ ဗဟိဒ္ဓ၊ ဤအဇ္ဈတ္တ၊ ဗဟိဒ္ဓ နှစ်ပါးစုံမှ နိုးထ၍ နောက်တစ်ဖန် အောက်ပြန်မလည်သော ပညာကို မဂ်ဉာဏ်ဟူ၍ ဆိုအပ်၏။

## သောတာပတ္တိဖိုလ်ဉာဏ်

သောတာပတ္တိမဂ်ခဏ၌ မြင်သောအနက် ကြောင့် အယူမှန်သော သမ္မာဒိဋ္ဌိသည် ယူမှားသော မိစ္ဆာဒိဋ္ဌိမှ နိုးထ၏။ ထိုမိစ္ဆာဒိဋ္ဌိသို့ အစဉ်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း နိုးထ၏။ခန္ဓာ တို့မှလည်း နိုးထ၏။ သင်္ခါရခယနိမိတ် ဗဟိဒ္ဓ အာရုံ အလုံးစုံတို့မှလည်း နိုးထ၏။ ထို အဇ္ဈတ္တ ဗဟိဒ္ဓိနှစ်ပါးစုံမှနိုးထသော မဂ်ပယောဂ သမ္မပဓာန် တစ်ဖန်မရှိ ငြိမ်းသည်၏အဖြစ်ကြောင့် အကြင် ကေန် အမှန်ငြိမ်းသော သမ္မာဒိဋ္ဌိသည် ဖြစ်၏။ ဤကေန်အမှန်ငြိမ်းသော သမ္မာဒိဋ္ဌိသည် မဂ်၏ အကျိုးတည်း။

ရှေးရှုထင်သောအနက်ကြောင့် အကြံမှန် သော သမ္မာသင်္ကပ္ပသည် ကြံမှားသော မိစ္ဆာသင်္ကပ္ပ မှ နိုးထ၏။ ထိုမိစ္ဆာသင်္ကပ္ပသို့ အစဉ်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း နိုးထ၏။ ခန္ဓာတို့မှလည်း နိုးထ၏။ သင်္ခါရခယ နိမိတ် ဗဟိဒ္ဓ အာရုံ အလုံးစုံတို့မှလည်း နိုးထ၏။ ထို

အဇ္ဈတ္တ ဗဟိဒ္ဓနှစ်ပါးစုံမှ နိုးထသော မဂ် ပယောဂ သမ္မပ္ပဓာန် တစ်ဖန်မရှိ ငြိမ်းသည်၏ အဖြစ်ကြောင့် အကြင် ကေန်အမှန်ငြိမ်းသော သမ္မာသင်္ကပ္ပသည် ဖြစ်၏။ ကေန်အမှန်ငြိမ်းသော သမ္မာသင်္ကပ္ပသည် မဂ်၏ အကျိုးဖိုလ်တည်း။

နှုတ်၏ သိမ်းဆည်းအပ်သောအနက်ကြောင့် အဆိုမှန်သော သမ္မာဝါစာသည် ဆိုမှားသော မိစ္ဆာဝါစာမှ နိုးထ၏။ ထိုမိစ္ဆာဝါစာသို့ အစဉ် လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း နိုးထ၏။ ခန္ဓာတို့မှလည်း နိုးထ၏။ သင်္ခါရခပ နိမိတ် ဗဟိဒ္ဓအာရုံ အလုံးစုံတို့မှလည်း နိုးထ၏။ ထိုအဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးစုံမှ နိုးထသော မဂ် ပယောဂ သမ္မပဓာန် တစ်ဖန်မရှိ ငြိမ်းသည်၏ အဖြစ်ကြောင့် အကြင်ကေန် အမှန် ငြိမ်းသော သမ္မာဝါစာသည် ဖြစ်၏။ ဤ ကေန်အမှန်ငြိမ်း သော သမ္မာဝါစာသည် မဂ်၏ အကျိုးဖိုလ်တည်း။

ကိုယ်၏ စောင့်ထိန်းသောအနက်ကြောင့် အပြုမှန်သော သမ္မာကမ္မန္တသည် ပြုမှားသော မိစ္ဆာ ကမ္မန္တမှ နိုးထ၏။ ထိုမိစ္ဆာကမ္မန္တသို့ အစဉ်လိုက်၍

ဖြစ်ကုန်သော ကိလေသာတို့မှလည်း နိုးထ၏။ ခန္ဓာတို့မှလည်း နိုးထ၏။ သင်္ခါရခယနိမိတ် ဗဟိဒ္ဓအာရုံ အလုံးစုံတို့မှလည်း နိုးထ၏။ ထိုအရှုတ္တ ဗဟိဒ္ဓနှစ်ပါးစုံမှ နိုးထသော မဂ်ပယောဂ သမ္ပပ္ပဓာန် တစ်ဖန်မရှိ ငြိမ်းသည်၏ အဖြစ်ကြောင့် အကြင်ကေန် အမှန်ငြိမ်းသော သမ္မာကမ္မန္တ သည် ဖြစ်၏။ ဤကေန် အမှန်ငြိမ်းသော သမ္မာကမ္မန္တ သည် မဂ်၏ အကျိုးဖိုလ်တည်း။

ကိုယ် နှုတ်၏ ဖြူစင်သော အနက်ကြောင့် အသက်မွေးမှန်သော သမ္မာအာဇီဝသည် အသက်မွေးမှားသော မိစ္ဆာအာဇီဝမှ နိုးထ၏။ ထိုမိစ္ဆာ အာဇီဝသို့ အစဉ့်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း နိုးထ၏။ ခန္ဓာတို့မှလည်း နိုးထ၏။ သင်္ခါရခယနိမိတ် ဗဟိဒ္ဓအာရုံအလုံးစုံတို့မှလည်း နိုးထ၏။ ထိုအရှုတ္တ ဗဟိဒ္ဓနှစ်ပါးစုံမှ နိုးထသော မဂ် ပယောဂ သမ္ပပ္ပဓာန် တစ်ဖန်မရှိ ငြိမ်းသည်၏ အဖြစ်ကြောင့် အကြင်ကေန် အမှန်ငြိမ်းသော သမ္မာအာဇီဝသည် ဖြစ်၏။ ဤ ကေန်အမှန်ငြိမ်း

သော သမ္မာအာဇီဝသည် မဂ်၏ အကျိုးဖိုလ်တည်း။

ချီးမြှောက်သောအနက်ကြောင့် အားထုတ်မှန်သော သမ္မာဝါယမသည် အားထုတ်မှားသော မိစ္ဆာဝါယာမမှ နိုးထ၏။ ထိုမိစ္ဆာဝါယမသို့ အစဉ်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း နိုးထ၏။ ခန္ဓာတို့မှလည်း နိုးထ၏။ သင်္ခါရခယနိမိတ် ဗဟိဒ္ဓအာရုံ အလုံးစုံတို့မှလည်း နိုးထ၏။ ထိုအဇ္ဈတ္တ ဗဟိဒ္ဓနှစ်ပါးစုံမှ နိုးထသော မဂ်ပယောဂသမ္မပ္ပဓာန် တစ်ဖန်မရှိ ငြိမ်းသည်၏အဖြစ်ကြောင့် အကြင်ကေန် အမှန်ငြိမ်းသော သမ္မာဝါယမသည် ဖြစ်၏။ ဤကေန်အမှန်ငြိမ်းသော သမ္မာဝါယာမသည် မဂ်၏ အကျိုးဖိုလ်တည်း။

ထင်သောအနက်ကြောင့် အမှတ်မှန်သော သမ္မာသတိသည် မှတ်မှားသော မိစ္ဆာသတိမှ နိုးထ၏။ ထိုမိစ္ဆာသတိသို့ အစဉ်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း နိုးထ၏။ ခန္ဓာတို့မှလည်း နိုးထ၏။ သင်္ခါရခယနိမိတ် ဗဟိဒ္ဓအာရုံအလုံးစုံ

တို့မှလည်း နိုးထ၏။ ထိုအဇ္ဈတ္တ ဗဟိဒ္ဓနှစ်ပါးစုံမှ နိုးထသော မဂ် ပယောဂသမ္ဘဝတာန် တစ်ဖက်မရှိ ငြိမ်းသည်၏အဖြစ်ကြောင့် အကြင်ကေန် အမှန် ငြိမ်းသော သမ္မာသတိသည် ဖြစ်၏။ ဤကေန် အမှန်ငြိမ်းသော သမ္မာသတိသည် မဂ်၏အကျိုး ဖိုလ်တည်း။

မပျံ့လွင့်သောအနက်ကြောင့် အတည်မှန် သော သမ္မာသမာဓိသည် တည်မှားသော မိစ္ဆာ သမာဓိမှ နိုးထ၏။ ထိုမိစ္ဆာသမာဓိသို့ အစဉ်လိုက် ၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း နိုးထ၏။ ခန္ဓာတို့မှလည်း နိုးထ၏။ သင်္ခါရ ခယနိမိတ် ဗဟိဒ္ဓအာရုံ အလုံးစုံတို့မှလည်း နိုးထ၏။ ထို အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးစုံတို့မှ နိုးထသော မဂ် ပယောဂ သမ္ဘဝတာန် တစ်ဖန်မရှိ ငြိမ်းသည်၏ အဖြစ်ကြောင့် အကြင်ကေန် အမှန်ငြိမ်းသော သမ္မာသမာဓိသည် ဖြစ်၏။ ဤကေန်အမှန်ငြိမ်း သော သမ္မာသမာဓိသည် မဂ်၏ အကျိုးဖိုလ် တည်း။

## သောတာပန်၏ ဝိမုတ္တိဉာဏ်

သောတာပတ္တိမဂ်ဖြင့် ငါ၏ကိုယ်ဟု ယူမှားသော သက္ကာယဒိဋ္ဌိသည်လည်းကောင်း၊ ယုံမှားသော ဝိစိကိစ္ဆာသည်လည်းကောင်း၊ သီလ အလေ့ဝတအကျင့် ဤအလေ့အကျင့်နှစ်ပါး၌ ယုံမှားသောအားဖြင့် သုံးသပ်သော သီလဗ္ဗတပရာမာသသည်လည်းကောင်း၊ ဒိဋ္ဌိအနုသယသည်လည်းကောင်း၊ ဝိစိကိစ္ဆာ အနုသယသည်လည်းကောင်း မိမိစိတ်၏ အညစ်အကြေးကိလေသာတို့သည် အကြွင်းမရှိ ကောင်းစွာပြတ်ကုန်သည်ဖြစ်ကုန်၏။ ဤငါးပါးသော အညစ်အကြေးကိလေသာတို့မှ စိတ်သည် လွတ်သည် ဖြစ်၏။ နောက်တစ်ဖန် လွတ်သော စိတ်ကို သိခြင်းသည် လွတ်သော ကိလေသာကို သိသောအနက်ကြောင့် ဉာတဉာဏ်လည်း မည်၏။ လွတ်သောကိလေသာထင်သော အခြင်းအရာကို သိသောအနက်ကြောင့် ပဇာနနပညာလည်း မည်၏။ ထို့ကြောင့် ပြတ်သော ကိလေသာ၏ အပိုင်းအခြားကိုရှုသော ပညာကို ဝိမုတ္တိဉာဏ်ဟူ၍ ဆိုအပ်၏။

ထိုထိုမဂ်ဖိုလ်နိဗ္ဗာန်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်ကုန်သော တရားတို့ကို ရှုသောပညာသည် ပစ္စဝေက္ခဏာဉာဏ်မည်၏။

# အခန်း ၁၀

## နိဗ္ဗာန်

နိဗ္ဗာန်နှင့်စပ်လျဉ်း၍ မင်းကွန်းဌေ့တောင်တောရ အတိပါကဌ ပရိယတ္တိဝိသာရဒ အရှင်ရွှေကျင် ဆရာတော်ဘုရားကြီး ရေးသားပြုပြင်စီရင်တော်မူအပ်သော ဂမ္ဘီရာ၊ ဂမ္ဘီရမဟာ နိဗ္ဗုတာဒီပနီကျမ်းတွင် ဤသို့ ပါရှိတော်မူသည်။

နိဗ္ဗာနံ။ နိဗ္ဗုတိန္တ၊ နိဗ္ဗုတိ ။ ။ဟူသည်ကား နိဗ္ဗုတ သဘာဝံတစ်ဆယ့်တစ်မီး မီးဟူသမျှတို့မှ တဝတည်း ငြိမ်းအေးခြင်းသဘောရှိသော ငြိမ်းအေးခြင်း သဘောဟုဆိုအပ်သော အသင်္ခတဓာတ် နိဗ္ဗာန် ရွှေပြည်မြတ်။

နိဗ္ဗုတ ပုဂ္ဂိုလ်တို့အား ခန္ဓာငါးဝ ဒုက္ခမီး ပူမရှိခြင်းဟူသော အဘာဝအစွမ်းအားဖြင့် ချမ်းသာသည် မဟုတ်သေး။ ခန္ဓာငါးဝ ဒုက္ခမီးပူပျောက်လျှင် ပျောက်ခြင်း ပေါ်ပေါက်၍လာသော မြေခြင်းသဘောရှိသော အသင်္ခတဓာတ်၏ အစွမ်းဖြင့်လည်း ထိုနိဗ္ဗုတပုဂ္ဂိုလ်တို့ တစ်စုံတစ်ရာ သုခနှင့် မတူ၊ အလွန်ထူးဆန်းသိမ်မွေ့သော အစလ သုခ အစွမ်းအားဖြင့် ချမ်းသာရကြသည်။

နိဗ္ဗာန်ဟုဆိုအပ်သော ယင်းငြိမ်းအေးခြင်းသဘောဟူသည် အဘယ်၌ တည်ပါသနည်းဟူ ပြားက ငြိမ်းအေးသည့်သူ နိဗ္ဗုတ အရှင်တို့၌ပင် တည်သည်။

နိဗ္ဗုတပုဂ္ဂိုလ်အား ခန္ဓာငါးဝ အပူဓာတ်လုလုပျောက်သည့်အခါ အသင်္ခတဓာတ်ဟူသော ငြိမ်းအေးခြင်း သီတဓာတ်နိဗ္ဗာယနဓာတ်ရောက်လာသည်။ ယင်းသီတဓာတ်နိဗ္ဗာယနဓာတ်ဟူသော နိဗ္ဗာန်သုခသည် ထိုနိဗ္ဗာန်၌တည်၍ နေသူ နိဗ္ဗုတ ပုဂ္ဂိုလ်၌ပင် ထင်ရှားရှိသည်။

အရဟတ္တဖိုလ်သည် ရဟန္တာပုဂ္ဂိုလ်၌တည် သည်။ ရဟန္တာပုဂ္ဂိုလ်သည်လည်း အရဟတ္တဖိုလ်၌ တည်၍ နေသည်ဟု အပြန်အလှန်ဆိုအပ်သကဲ့သို့ နိဗ္ဗာနသုခသည် နိဗ္ဗုတပုဂ္ဂိုလ်၌ တည်သည်။ နိဗ္ဗုတပုဂ္ဂိုလ်သည်လည်း ထိုနိဗ္ဗာန်၌တည်သည် ဟူ၍ ဆိုအပ်သည်။

ယင်းသို့ဆိုအပ်သော်လည်း ဌာနီဌာနမုချ အားဖြင့် ဆိုအပ်သည်မဟုတ်။ အာကာသေသု သကုဏာပက္ခန္တိ၊ နဘောစန္ဒော,သုဓောတတိစသည် တို့၌ကဲ့သို့ မကင်းကောင်းသော ဝိသယာဓာရ ဝိသယီအာဓေယျ အရာကို ရည်၍ ဆိုအပ်သည်။

အရဟတ္တဖိုလ်ဟူသော သဥပါဒိသေသ နိဗ္ဗာန်၌တည်နေသော ရဟန္တာပုဂ္ဂိုလ်ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော်လည်း သမုတိ ပညတ်အားဖြင့် ထင်ရှားမရှိ မဆိုအပ်သကဲ့သို့ အသခ်တဓာတ်ဟု ဆိုအပ်သော အနုပါဒိသေသ နိဗ္ဗာန်၌ တည်ရောက်၍နေသူ နိဗ္ဗုတပုဂ္ဂိုလ်ဟူ သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော်လည်း ပရမတ္ထမှ မလွတ်။ ရူပသခ်ါဝိမုတ္တ၊ ဝိညာဏသခ်ါ

ဝိမုတ္တပုဂ္ဂိုလ် အဖြစ်ဖြင့် ထိုနိဗ္ဗာန်၌ ထင်ရှားမရှိ မဆိုသင့်သည်၏အဖြစ်ကို ကောန်မှတ်အပ်၏။ ရူပသင်္ခါဝိမုတ္တ၊ ဝိညာဏသင်္ခါဝိမုတ္တ ပုဂ္ဂိုလ်ဟူရာ၌လည်း ခန္ဓာငါးပါးရှိစဉ် ပုဂ္ဂိုလ်အမည်ကို တင်စား၍ ဘူတပုဗ္ဗဂတိနည်းအားဖြင့်သာ ဆိုအပ်သည်။ အရဟတ္တံ ဖလဌာန်ဟုဆိုအပ်သော ရဟန္တာပုဂ္ဂိုလ်၏ တည်ရာ အရဟတ္တဖိုလ်တရားသည် ပရမတ္တအားဖြင့် ထင်ရှားကောန်ရှိသကဲ့သို့ နိဗ္ဗုတပုဂ္ဂိုလ်တို့၏ အသီးသီးတည်နေရာ ယင်းနိဗ္ဗာယနဓာတ်ဟူသော အသင်္ခတဓာတ်ဟူသည်လည်း ပရမတ္ထအားဖြင့် ထင်ရှားကောန်ရှိသည်။

နိဗ္ဗာယနသီတ သဘာဝရှိသော ယင်းအသင်္ခတဓာတ် နိဗ္ဗာန်ဟူသော ပရမတ္ထတရားသည် ရှေးအခါတစ်ရံတစ်ဆစ် မဖြစ်ဘူးသေးဘဲ နိဗ္ဗုတပုဂ္ဂိုလ် ပေါ်လာရာဝယ် ဤတစ်ခါတည်းသာ အလွန်သိမ်မွေ့စွာ ဖြစ်ပေါ်လာပြီးနောက် မပျောက်မပျက် အမြဲတည်၍ နေသည်။

ဝိပဿနာ ဉာဏ်ပညာ

## ကျမ်းကိုးစာရင်း


၁။ ဗုဒ္ဓဘာသာကောင်းတစ်ယောက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန။
၂။ ဗုဒ္ဓဘာသာတရားတော်
သာသနာရေးဝန်ကြီးဌာန။
၃။ ဗုဒ္ဓဘာသာတရားတော် (အထက်တန်းအဆင့်)
အနှစ်ချုပ်
သာသနာရေးဝန်ကြီးဌာန။
၄။ ဗုဒ္ဓဒေသနာတော်ဝေါဟာရအဘိဓာန်
သာသနာရေးဝန်ကြီးဌာန။
၅။ ပရမတ္ထစက္ကူကျမ်း
ဒီပရင်းဆရာတော်ဘုရားကြီး။
၆။ ဝေဒခေတ်မှ ဗုဒ္ဓခေတ်တိုင်အောင် အတ္တဝါဒမှ
အနတ္တဝါဒသို့ ခရီးစဉ်
ဦးရွှေအောင်။
၇။ ဂမ္ဘီရာ ဂမ္ဘီရ မဟာနိဗ္ဗူတဒီပနီကျမ်း
မင်းကွန်းငွေတောင်တောရ အတိပါကဌ၊ ပရိယတ္တိ
သာရဒအရှင် ရွှေကျင်ဆရာတော်ဘုရားကြီး။
၈။ စတုသစ္စ သုဒနီကျမ်း၊
မင်းကွန်းဇေတဝန်ဆရာတော်။

## ဦးကျော်ဇေယျရေးသားခဲ့သော ပညာဆိုင်ရာစာအုပ်များစာရင်း

| | | |
|---|---|---|
| ၁။ | ကံပြင်ပညာ ရွှေယကြော | ၂၀၀၀ |
| | ၃၈/၂၀၀၀(၁) | |
| ၂။ | လူ့တန်ဖိုးပြ ကံသရုပ်ခွဲပညာ | ၂၀၀၀ |
| | ၅၅၁/၂၀၀၀(၇) | |
| ၃။ | အတိတ်နိမိတ်ပညာ | ၂၀၀၀ |
| | ၇၇၂/၂၀၀၀(၉) | |
| ၄။ | အမြင့်တင်ပညာ | ၂၀၀၂ |
| | ၆၉/၂၀၀၂(၁) | |

<u>ယခုစာအုပ်</u>

ဝိပဿနာဉာဏ်ပညာ ၂၀၀၂

၂၅၉၇၈

ငါသည်
မုချ... နာရမည်တကား...

ငါသည်
မုချ... အိုရမည်တကား...

ငါသည်
မုချ... သေရမည်တကား...

အို နာ သေ အပေါ်
ကျော်လွှားနိုင်သော
တစ်ခုတည်းသော အရာကိုရှာ...